ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily

Established in 1957

e - paper ဖတ်ရှုရန်

**ကောင်းမှုအနည်းငယ်ပြုဖန်များသော် ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်၊ စနေနေ့။ Saturday, 8 August 2026 ၁၂၆၄

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ (၅၉)နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့တွင် အာဆီယံပြည်သူများသို့ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)

**ချစ်ကြည်လေးစားအပ်ပါသော မြန်မာပြည်သူများနှင့် အာဆီယံ မိသားစုဝင်ပြည်သူများ ခင်ဗျား**

ယနေ့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ကို စတင်တည်ထောင်ခဲ့သည့် (၅၉)နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ အခါသမယ ဖြစ်ပါသည်။ ဤမင်္ဂလာရှိသော အခါသမယတွင် မြန်မာနိုင်ငံနှင့် အာဆီယံဒေသအတွင်းရှိ ပြည်သူအပေါင်းတို့ ကျန်းမာချမ်းသာ၍ ငြိမ်းချမ်းသာယာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ မြဘုရားကျောင်းဆောင်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြဘုရား(Temple of Emerald Buddha)သို့ သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် ဩဂုတ် ၇

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၌ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ထိုင်းဘုရင့်နန်းတော်ဝင်းအတွင်းရှိ မြဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂

## MPT က ရေဘေးကြုံတွေ့ခံစားနေရသည့် ဒေသခံပြည်သူများအတွက် အခမဲ့ ဒေတာ၊ ဖုန်းခေါ်ဆိုမှုနှင့် စာတို(SMS) ဝန်ဆောင်မှုများပေးအပ်

ရန်ကုန် ဩဂုတ် ၇

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)သည် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေဘေးကြုံတွေ့ခံစားနေရသည့် ဒေသများရှိ သုံးစွဲသူများအား အခမဲ့ဒေတာ(1GB)၊ MPT ဖုန်းအချင်းချင်း အခမဲ့ဖုန်းခေါ်ဆိုခွင့် မိနစ် ၁၀၀ နှင့် စာတိုပေးပို့ခွင့်(SMS) အစောင် ၁၀၀ ပေးအပ်မည်ဖြစ်ပြီး အဆိုပါ ဝန်ဆောင်မှုများကို ယနေ့မှစ၍ ခုနစ်ရက်အတွင်း အသုံးပြုနိုင်မည်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍




ခိုင်မာရဲရင့် လှမ်းတိုင်းတင့်ခဲ့ အာဆီယံတွင်းသို့ ဒုတိယမြောက် ယှံကြည်ခြေတစ်လှမ်း

ဆောင်းပါး စာမျက်နှာ » ၈

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ဝန်ဆောင်မှုလုပ်ငန်းများအား Digital ဝန်ဆောင်မှုစနစ်ဖြင့် ပြောင်းလဲဆောင်ရွက်သွားမည်

စာမျက်နှာ » ၁၀

ရွှေဘိုမြို့ ကိုးပင်ရေလျှောင်တမံ ရေပိုလွှဲမြောင်းနံရံ ကျိုးပေါက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

စာမျက်နှာ » ၁၄

## ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သင်္ဘောများဖြင့် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများရောက်ရှိ



စစ်တွေ ဩဂုတ် ၇

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် အမ်ဗွီတော်ဝင်သီရိသင်္ဘောတွင် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ(တန်ချိန် ၄၀၈ ဒသမ ၃၄ တန်)၊ အမ်ဗွီရဲထွန်းအောင်(၂)သင်္ဘောတွင် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ(တန်ချိန် ၈၆၁ ဒသမ ၅၇ တန်)၊ အမ်ဗွီရွှေပိုင်ဖြိုးသင်္ဘောတွင် ဆန်နှင့် အခြေခံ စားသောက်ကုန်ပစ္စည်းများ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒

ကြေးမုံ

# အိမ်နီးချင်းနှစ်နိုင်ငံပူးပေါင်းဆောင်ရွက် ရလဒ်ကောင်းများခိုင်မာစွာပေါ်ထွက်

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၌ တရားဝင်ခရီးစဉ် (Official Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဩဂုတ်လ ၆ ရက်နေ့က "မြန်မာ-ထိုင်း စီးပွားရေးမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၏ အနာဂတ်နှင့် စာမျက်နှာသစ်" ဟူသည့်ခေါင်းစဉ်ဖြင့်ကျင်းပသည့် "မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်" သို့တက်ရောက်ပြီး နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုပိုမိုမြှင့်တင်နိုင်ရေးဆိုင်ရာများနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်သည် နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးပြုမည့် မိတ်ဖက်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဖြစ်သည်။ ကမ္ဘာကြီးတွင် လက်ရှိဖြစ်ပေါ်နေသည့် ခန့်မှန်းရခက်ပြီး အပြောင်းအလဲမြန်ဆန်လွန်းသည့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို ကြံ့ကြံ့ခံနိုင်သည့် စာမျက်နှာသစ်ကို ဖွင့်လှစ်ပေးနိုင်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရသည့်အချိန်တိုင်းတွင် ထိုင်းနိုင်ငံအနေဖြင့် မိတ်ဆွေကောင်းအဖြစ် အစဉ်ရပ်တည်ပေးခဲ့ပြီး နားလည်မှု၊ ယုံကြည်မှုနှင့် အပြန်အလှန်လေးစားမှုတို့ကိုအခြေခံကာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဖန်တီးဖော်ဆောင်ပေးနိုင်သဖြင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အကောင်အထည်ပေါ်လာမည်ဖြစ်သည်။

မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်တွင် နိုင်ငံတော်သမ္မတက "စုပေါင်းစွမ်းအားကနေ တစ်ဆင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေး၊ ပြည်သူအချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံမှုအပါအဝင် နှစ်နိုင်ငံအပြန်အလှန်အကျိုးပြုစေမည့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို တိုးတက်ဖော်ဆောင်သွားနိုင်မည်ဟု အပြည့်အဝယုံကြည်ထားပါကြောင်း၊ မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်အားသာချက်များကို ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ၏ နည်းပညာ၊ အရင်းအနှီးနှင့် စီမံခန့်ခွဲမှုအတွေ့အကြုံ စသည်များနှင့် ပေါင်းစပ်လိုက်မည်ဆိုလျှင် နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးရှိစေမည့် (Win-Win) စီးပွားရေးပတ်ဝန်းကျင်ကို ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအကြား ချိတ်ဆက်မှုများ ပိုမိုအားကောင်းပြီး စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများနှင့် ရလဒ်ကောင်းများ ပိုမိုခိုင်မြဲစွာတိုးတက်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း" ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ရေခံမြေခံကောင်းများရှိပြီး အခွင့်အလမ်းကောင်းများ အမြောက်အမြားရှိသည်ကို ထိုင်းနိုင်ငံအနေဖြင့် သိရှိပြီးသားဖြစ်ပြီး နှစ်နိုင်ငံအကြား၊ နှစ်နိုင်ငံပြည်သူများအကြားတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ရှည်လျားခိုင်မာစွာဆောင်ရွက်နေဆဲဖြစ်သည်။ လက်ရှိတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရန်အတွက် ထိုင်း-မြန်မာ နှစ်နိုင်ငံနယ်စပ်ဒေသ၌ မြန်မာကျပ်ငွေနှင့် ထိုင်းဘတ်ငွေ တိုက်ရိုက်အသုံးပြုပေးချေမှုကို ၂၀၂၂ ခုနှစ်တွင် စတင်ခဲ့ပြီးဖြစ်သည်။ ယခုစနစ်သည် နှစ်နိုင်ငံကုန်သွယ်ရေးသာမက နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် အရည်အသွေးပြည့်ဝပြီး တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို အထူးဖိတ်ခေါ်လျက်ရှိရာ ရေရှည်တည်တံ့ဟန်ချက်ညီမှုရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

မြန်မာအစိုးရအနေဖြင့် နိုင်ငံအတွင်း စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင် ပိုမိုကောင်းမွန်လာစေရန်အတွက် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ဥပမာအားဖြင့် လျှပ်စစ်သုံးယာဉ်များ တိုးတက်ရေးနှင့် ဆက်စပ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများအတွက် အကောက်ခွန်ကင်းလွတ်ခွင့်များကိုလည်း လျှော့ချပေးလျက်ရှိသည်။ အထူးသဖြင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ခြင်း၊ ဒေသတွင်းမိတ်ဖက်နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းတို့မှတစ်ဆင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ MSME လုပ်ငန်းများသည် နှစ်နိုင်ငံ၏ စီးပွားရေးမောင်းနှင်အားများဖြစ်ပြီး လုပ်ငန်းစဉ်များ ပိုမိုလွယ်ကူချောမွေ့လျင်မြန်စေရန် ဒီဂျစ်တယ်စနစ်အသွင်ကူးပြောင်းဆောင်ရွက်လျက်ရှိရာတွင် မြန်မာဒီဂျစ်တယ်လမ်းပြမြေပုံ ၂၀၃၀ ကိုရေးဆွဲဖော်ဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာ-ထိုင်းနှစ်နိုင်ငံသည် ရှည်လျားသည့် ကုန်းမြေရေပြင် ထိစပ်သည့် အိမ်နီးချင်းနိုင်ငံများဖြစ်ရုံသာမက သမိုင်းဝင်ချစ်ကြည်ရင်းနှီးမှုအခြေခံကောင်းများရှိသည့် အိမ်နီးချင်းကောင်းမိတ်ဆွေစစ်နိုင်ငံများဖြစ်သဖြင့် ယခုကျင်းပသည့် မြန်မာ-ထိုင်းစီးပွားရေးဖိုရမ်မှတစ်ဆင့် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် အခန်းကဏ္ဍသစ်တစ်ခုကို တက်လှမ်းနိုင်မည်ဖြစ်ပြီး ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ နယ်စပ်ကုန်သွယ်ရေးနှင့် ဒေသတွင်းစီးပွားရေးကွန်ရက်ချိတ်ဆက်မှုများ ပိုမိုတိုးတက်ကောင်းမွန်ခိုင်မာလာစေရန် အားလုံးလက်တွဲပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

**ကျန်းမာရေးဝန်ကြီးဌာန**
**အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ**
**၂၀၂၆ ခုနှစ်၊ ဩဂုတ်လ**

ပထမပတ် - မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ်

ဒုတိယပတ် - အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

တတိယပတ် - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်

စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်

## အမရပူရမြို့နယ်၌ တောင်သူနည်းပညာပေးသင်တန်းဖွင့်

**အမရပူရ ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေးသင်တန်းဖွင့်ပွဲကို တမုတ်ဆိုးကျေးရွာတွင် ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး တိုင်းဒေသကြီး တာဝန်ခံများက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘိုင်အိုချာပြုလုပ်သုံးစွဲခြင်းအကြောင်း၊ မိုးစပါးပန်းတိုင်အထွက်နှုန်းမထိခိုက်စေရန် ဓာတ်မြေဩဇာလျှော့ချသုံးစွဲခြင်း၊ မျိုးကောင်းမျိုးသန့်သုံးစွဲခြင်းဖြင့် ရရှိလာစေမည့် အကျိုးကျေးဇူးများ၊ ပိုးသတ်ဆေးဥပဒေများ အကြောင်းကို ဆွေးနွေးသည်။ ထို့နောက် တောင်သူများ ထံသို့ ယူရီးယားနှင့် လက်ချားများပေးအပ်ခဲ့ကြောင်း သိရသည်။

**လှဲ့လှဲ့ခိုင်**

## ၇ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၀၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၇ - ၈ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၇,၅၀၀ | ၁၈,၅၀၀ | ၁,၀၅၉ | ၁၈,၆၉၈,၅၀၀ |
| MTSH | ၈,၇၀၀ | ၈,၇၀၀ | ၃,၂၇၇ | ၂၈,၂၉၀,၂၀၀ |
| MCB | ၁၃,၅၀၀ | ၁၃,၅၀၀ | ၈ | ၁၀၈,၀၀၀ |
| FPB | ၆,၈၀၀ | ၆,၈၀၀ | ၃၉၃ | ၂,၆၇၂,၄၀၀ |
| TMH | ၃,၆၀၀ | ၃,၅၅၀ | ၃၀ | ၁၀၇,၀၅၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၁,၂၅၇ | ၂,၄၇၂,၆၅၀ |
| AMATA | ၄,၂၀၀ | ၄,၀၀၀ | ၉၃ | ၃၇၉,၃၀၀ |
| MAEX | ၆,၆၀၀ | ၆,၆၀၀ | ၂,၄၇၃ | ၁၆,၃၂၂,၈၀၀ |
| MADPL(PLB) | ၆,၃၀၀ | ၆,၃၀၀ | ၃,၆၀၈ | ၂၂,၇၃၀,၄၀၀ |
| ASPGB(PLB) | ၅,၇၀၀ | ၆,၇၀၀ | ၃၅,၆၅၈ | ၂၃၄,၀၁၇,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
https://www.moi.gov.mm/km
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**❖ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ**

၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်တွင် **"တစု တစည်းတည်းသော အရှေ့တောင်အာရှဒေသ"**ကို ထူထောင်ရန် ရည်မှန်းချက်ဖြင့် အာဆီယံကို စတင်ဖွဲ့စည်းခဲ့ကြပါသည်။ အာဆီယံသည် ဘုံအကျိုးစီးပွား၊ ဒေသတွင်းတည်ငြိမ်ရေးနှင့် အပြန်အလှန်လေးစားယုံကြည်မှုတို့ကို အခြေခံ၍ နှစ်ပေါင်း(၅၀) ကျော်အတွင်း စည်းမျဉ်းအခြေပြု၊ ပြည်သူဗဟိုပြု ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ရပ်အဖြစ် အောင်မြင်စွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။ ၁၉၇၆ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည့် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်(Treaty of Amity and Cooperation–TAC) နှင့် ၂၀၀၈ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် အာဆီယံပဋိညာဉ်စာတမ်းတို့သည် အချုပ်အခြာအာဏာကို အပြန်အလှန်လေးစားခြင်း၊ ပြည်တွင်းရေးတွင် ဝင်ရောက်မစွက်ဖက်ခြင်း၊ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းနှင့် စည်းမျဉ်းအခြေပြု ပူးပေါင်းဆောင်ရွက်မှုတို့ကို ခိုင်မာစေခဲ့ပါသည်။

ယခုအခါ အာဆီယံသည် **"အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅"** မှ **"အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅"**သို့ ကူးပြောင်းနေသည့် ကာလသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ၂၀၂၆ ခုနှစ်သည် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ နှင့် ၎င်း၏ မဟာဗျူဟာမြောက်စီမံချက်များကို စတင်အကောင်အထည်ဖော်သည့် သမိုင်းဝင်နှစ်တစ်နှစ်ဖြစ်ပြီး အာဆီယံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခြေခံအုတ်မြစ်များကို ချမှတ်လျက်ရှိသည့်နှစ်လည်း ဖြစ်ပါသည်။ ယခုအခါ ဖိလစ်ပိုင်သမ္မတနိုင်ငံက **"ကျွန်ုပ်တို့၏ အနာဂတ်ကို အတူတကွ ဦးဆောင်သွားကြပါစို့– Navigating Our Future, Together"**ဟူသော ဆောင်ပုဒ်ဖြင့် ၂၀၂၆ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ်ဦးဆောင်ဆောင်ရွက်လျက်ရှိရာ ယင်းသည် ဒေသတွင်း စည်းလုံးညီညွတ်မှု၊ ခံနိုင်ရည်ရှိမှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုတို့ကိုထင်ဟပ်ဖော်ပြလျက်ရှိပါသည်။

အာဆီယံသည် ယခုအခါတွင် လူဦးရေ သန်း(၆၈၀) ကျော်ရှိသည့် ဒေသဆိုင်ရာအစုအဖွဲ့တစ်ရပ်ဖြစ်လာပြီး အင်ဒို–ပစိဖိတ်ဆိုင်ရာ အာဆီယံ၏ သဘောထားအမြင်(ASEAN Outlook on the Indo–Pacific– AOIP)ကို အခြေခံ၍ ဒေသတွင်းတည်ငြိမ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ဆက်လက်မြှင့်တင်နိုင်ခဲ့ပါသည်။ ထို့ပြင် အာဆီယံဒေသဆိုင်ရာဖိုရမ်(ASEAN Regional Forum–ARF)၊ အရှေ့အာရှ ထိပ်သီးအစည်းအဝေး(East Asia Summit–EAS)နှင့် အာဆီယံ ကာကွယ်ရေးဝန်ကြီးများအပေါင်း အစည်းအဝေး(ASEAN Defence Minister Meeting Plus–ADMM–Plus)ကဲ့သို့သော အာဆီယံ ဦးဆောင်ယန္တရားများမှတစ်ဆင့် ဒေသတွင်းနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါသည်။ စီးပွားရေးကဏ္ဍတွင်လည်း အာဆီယံသည် ကမ္ဘာပေါ်တွင် ပဉ္စမအကြီးဆုံး စီးပွားရေးအစုအဖွဲ့အဖြစ် ရပ်တည်လျက်ရှိပြီး ဒစ်ဂျစ်တယ်စီးပွားရေးနှင့် အစိမ်းရောင်စီးပွားရေး အသွင်ကူးပြောင်းမှုများကို အားပေးဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ပညာရေး၊ ကျန်းမာရေး၊ လူငယ်

**❖ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကြုံတွေ့နေရသော လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဆိုင်ရာစိန်ခေါ်မှုများ ကွဲပြားခြားနားသည့်အလျောက် အကျိုးစီးပွားနှင့် ဦးစားပေးဆောင်ရွက်မှု အခန်းကဏ္ဍသည်လည်း ကွဲပြားလျက်ရှိ**

**❖ အဖွဲ့ဝင်နိုင်ငံ အသီးသီး၏ ပြည်တွင်းရေးကိစ္စရပ်များကိုသာ အလေးထားဖြေရှင်းရန် လိုလားမှုသည် အာဆီယံအသင်းကြီး၏ အချက်အချာကျမှုအပေါ် ကြီးမားသော သက်ရောက်မှုဖြစ်စေမည်**

**❖ အာဆီယံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား စည်းလုံးညီညွတ်မှု၊ အပြန်အလှန်လေးစားမှုနှင့် နားလည်မှုတို့ကို အခြေခံ၍ အာဆီယံ၏ အချက်အချာကျမှုကို ဆက်လက်ထိန်းသိမ်းကာ အားလုံးပါဝင်မှုရှိပြီး စည်းမျဉ်းအခြေပြုသော ဒေသဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုကို ပိုမိုအားကောင်းစွာ ဖော်ဆောင်သွားကြရမည်**

နှင့် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေး၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ပြည်သူများ၏ ဘဝအရည်အသွေးနှင့် သာယာဝပြောရေးတို့ကို မြှင့်တင်နိုင်ရန်လည်း အားပေးလျက်ရှိပါသည်။

သို့ရာတွင် အာဆီယံသည် အင်အားကြီးနိုင်ငံများအကြား မဟာဗျူဟာပြိုင်ဆိုင်မှုများ၊ ပထဝီနိုင်ငံရေးတင်းမာမှုများ၊ နိုင်ငံဖြတ်ကျော်မှုခင်းများ၊ အွန်လိုင်းလိမ်လည်မှုများ၊ စွမ်းအင်နှင့် စားရေရိက္ခာလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ၊ ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများ စသည့် စိန်ခေါ်မှုများကို ဆက်လက်ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကြုံတွေ့နေရသော လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဆိုင်ရာစိန်ခေါ်မှုများ ကွဲပြားခြားနားသည့်အလျောက် အကျိုးစီးပွားနှင့် ဦးစားပေးဆောင်ရွက်မှု အခန်းကဏ္ဍသည်လည်း ကွဲပြားလျက်ရှိကြပါသည်။ သို့ဖြစ်ရာ အဖွဲ့ဝင်နိုင်ငံအသီးသီး၏ ပြည်တွင်းရေး ကိစ္စရပ်များကိုသာ အလေးထားဖြေရှင်းရန် လိုလားမှုသည် အာဆီယံအသင်းကြီး၏ အချက်အချာကျမှုအပေါ် ကြီးမားသော သက်ရောက်မှုဖြစ်စေမည် ဖြစ်ပါသည်။ ထို့ကြောင့် အာဆီယံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား စည်းလုံးညီညွတ်မှု၊ အပြန်အလှန်လေးစားမှုနှင့် နားလည်မှုတို့ကို အခြေခံ၍ အာဆီယံ၏ အချက်အချာကျမှုကို ဆက်လက်ထိန်းသိမ်းကာ အားလုံးပါဝင်မှုရှိပြီး စည်းမျဉ်းအခြေပြုသော ဒေသဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုကို ပိုမိုအားကောင်းစွာ ဖော်ဆောင်သွားကြရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ရာ ယခုနှစ်တွင် အဖွဲ့ဝင်သက်တမ်း (၂၉)နှစ်တာကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ အဆိုပါကာလအတွင်း မြန်မာနိုင်ငံသည် တာဝန်ယူမှု၊ တက်ကြွမှုနှင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများအပြင် အာဆီယံအသိုက်အဝန်းထူထောင်ရေး၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံယန္တရားများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များတွင်လည်း အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၌ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြည်သူလူထုဆန္ဒနှင့်အညီ လွတ်လပ်မှု၊ တရားမျှတမှုတို့ဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ထွက်ပေါ်လာသည့် ရွေးကောက်ခံအစိုးရသစ်အနေဖြင့် မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ဖော်ဆောင်သွားမည် ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် အာဆီယံ၏ အခြေခံမူများကို လေးစားလိုက်နာလျက် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးအတွက် အာဆီယံမိသားစုဝင်နိုင်ငံများနှင့်အတူ ဆက်လက်လက်တွဲ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(၅၉)နှစ်တာ ကာလအတွင်း အာဆီယံ၏ အောင်မြင်မှုများသည် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှု၊ တာဝန်ယူမှုနှင့် **"အာဆီယံမိသားစု"**စိတ်ဓာတ်အပေါ် အခြေခံ၍ အာဆီယံအချက်အချာကျမှုနှင့် အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများကို တစိုက်မတ်မတ်စောင့်ထိန်းလိုက်နာခဲ့ခြင်း၏ ရလဒ်ပင်ဖြစ်ပါသည်။ ယင်းခိုင်မာသော အုတ်မြစ်များကို ဆက်လက်ထိန်းသိမ်း၍ အာဆီယံမျှော်မှန်းချက် ၂၀၄၅ နှင့်အညီ ပိုမိုခံနိုင်ရည်ရှိသော၊ ဆန်းသစ်တီထွင်မှုကို အားပေးသော၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူဗဟိုပြုသော အသိုက်အဝန်းတစ်ရပ်ကို **"မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျန်မနေစေရေး– Leaving No One Behind"**မူနှင့်အညီ တည်ဆောက်သွားကြရမည် ဖြစ်ပါသည်။ အလားတူ ဒေသတွင်းပြည်သူများ၏ဘဝ အရည်အသွေး ပိုမိုမြင့်မားလာစေရေးအတွက် အာဆီယံ၏ စည်းလုံးညီညွတ်မှု၊ အချက်အချာကျမှုနှင့် အခြေခံစံတန်ဖိုးများကို အဖွဲ့ဝင်နိုင်ငံအားလုံးက အတူတကွ ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားကြရန် တိုက်တွန်းအပ်ပါသည်။

ယခုကဲ့သို့ မင်္ဂလာရှိသော (၅၉)နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ အခါသမယတွင် အာဆီယံပြည်သူများအားလုံး စည်းလုံးညီညွတ်မှုနှင့် အာဆီယံမိသားစုစိတ်ဓာတ်ကို ဆက်လက်ထိန်းသိမ်း၍ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးအတွက် ပိုမိုတက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားနိုင်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။ အာဆီယံဒေသကြီးသည် ငြိမ်းချမ်းတည်ငြိမ်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လျက် ပိုမိုကြံ့ခိုင်အားကောင်းသော အသိုက်အဝန်းတစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နိုင်ပါစေကြောင်းနှင့် အာဆီယံမိသားစုဝင်ပြည်သူများအားလုံး ကျန်းမာချမ်းသာ၍ ကောင်းကျိုးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာ သီရိသုဓမ္မ
ဦးမင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

---

**❒ ရခိုင်ပြည်နယ်မှ**

(တန်ချိန် ၁၂၃၁ ဒသမ ၇ တန်)၊ အမ်ဗွီ အောင်ရတနာဒွေး သင်္ဘောတွင် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ(တန်ချိန် ၁၁၄၉ ဒသမ ၃၅ တန်)တင်ဆောင်၍ စစ်တွေမြို့သို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

အဆိုပါ အမ်ဗွီရဲထွန်းအောင်(၂)သင်္ဘော၊ အမ်ဗွီတော်ဝင်သီရိသင်္ဘောနှင့် အမ်ဗွီအောင်ရတနာဒွေးသင်္ဘောတို့ပေါ်မှ ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ၊ အမ်ဗွီရွှေပိုင်ဖြိုးသင်္ဘောပေါ်မှ စားသောက်ကုန်ပစ္စည်းများ အတင်အချပြုလုပ်နေမှုတို့ကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဈေးကွက်အတွင်း အမြန်ဆုံးဖြန့်ဖြူးရောင်းချရေး၊ ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေး၊ လိုအပ်မှုမရှိသောနေရာများသို့ မရောက်ရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့ပြင် ကုလားတန်မြစ်ကြောင်းတွင် သောင်တူးသင်္ဘောဖြင့် သောင်တူးဖော်ကာ တူးဖော်ရရှိသော သဲနုန်းများကို စုပုံရန် စီစဉ်ဆောင်ရွက်နေမှုနှင့် စစ်တွေတိုင်းရင်းဆေးရုံ၌ ပြင်ပလူနာခန်း၊ ဆေးသိုလှောင်ခန်း၊ ပဉ္စကမ္မ ကုထုံးခန်းတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် နေပြည်တော်တွင် ကျင်းပမည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားသို့ သွားရောက်ကြမည့် ရခိုင်ပြည်နယ်မှ လူငယ်ကိုယ်စားလှယ်များအား ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားပြီး ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

---

**❍ MPT မှ**

ဝ၀န်မြစ်ရေကြီးမှုကြောင့် ရေကြီးရေလျှံမှုများ ကြုံတွေ့ခဲ့ရသည့် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ဆက်သွယ်ရေးဝန်ဆောင်မှုများ ပြန်လည်ရရှိပြီး ဒေသတွင်းကယ်ဆယ်ရေးလုပ်ငန်းများနှင့် လူမှုအသိုက်အဝန်းအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများကို အထောက်အကူပြုနိုင်ရန် ဂြိုဟ်တုဆက်သွယ်ရေးစက်ပစ္စည်း(Satellite Terminal)ကို ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် စာရေးကွင်းကျေးရွာအုပ်စု စာရေးကွင်းဘုန်းတော်ကြီးကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းတွင် တစ်စုံနှင့် သခွပ်ချောင်းကျေးရွာအုပ်စု ဆိတ်နို့ကုန်းကျေးရွာ ရေဘေးကယ်ဆယ်ရေးစခန်းတွင် တစ်စုံ တပ်ဆင်ထားရှိခဲ့သည်။

ထို့ပြင် ရွေ့လျားမိုဘိုင်းလ်စခန်း Cell on Wheel(COW)အား စာရေးကွင်းကျေးရွာတွင် တပ်ဆင်ထားပြီး MPT သုံးစွဲသူများအနေဖြင့် ဖုန်းခေါ်ဆိုမှုများနှင့် မိုဘိုင်းလ်အင်တာနက် အသုံးပြုမှုများကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## မရမ်းကုန်းမြို့နယ်၌ အာဟာရအုပ်စု သုံးစု ပြင်ဆင်ချက်ပြုတ်နည်းပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၇

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင် ခရိုင်အဆင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား အာဟာရအုပ်စု သုံးစု၊ အစာအမျိုးအမည် ငါးမျိုးပါဝင်သော ပြင်ဆင်ချက်ပြုတ်နည်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမော်က အမှတ်ပေးစည်းမျဉ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲဝင်ကျောင်းများက စတင်ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲဝင်ကျောင်းများအား တာဝန်ရှိသူများက အမှတ်တရဆုလက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝေယံ(မရမ်းကုန်း)**

---

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

❂ ရွှေဖုံးမှ

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့်နန်းတော်သို့ ရောက်ရှိကြရာ ထိုင်းဘုရင့် နန်းတွင်းကိုယ်စားလှယ် အရာရှိကြီးများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့် နန်းတော်ဝင်းအတွင်း လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ဘုရင့်နန်းတော်ဆိုင်ရာများနှင့် မြဘုရားဆိုင်ရာတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မြဘုရားကျောင်းဆောင်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်းမန်ဆက်ကပ်၍ ဖူးမြော်ကြည်ညိုကာ မြဘုရားအတွက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ထုဆစ်ပူဇော်ထားသည့် စကျင်ကျောက် ဆင်းတုတော်မြတ်နှင့် ဘက်စုံအလှူတော်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြဘုရားကျောင်းဆောင်အား လက်ယာရစ်လှည့်လည်ပူဇော်ပြီး တာဝန်ရှိသူများက မြဘုရားနှင့် သာသနိကအဆောက်အအုံများ၏ သမိုင်းကြောင်းများ ရှင်းလင်းတင်ပြမှုအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။


ထို့ပြင် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ထိုင်းဘုရင့် နန်းတော်ဝင်းအတွင်းရှိ Dusit Maha Prasat Throne Hall ၌ ထိုင်းဘုရင်မင်းမြတ်၏ မယ်တော် မိဖုရားကြီး Queen Sirikit အား အောက်မေ့သတိရခြင်း အထိမ်းအမှတ်အဖြစ် လွမ်းသူ့ပန်းခွေချခြင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ထုဆစ်ပူဇော်ထားသည့် စကျင်ကျောက် ဆင်းတုတော်မြတ်အား လှူဒါန်းပေးအပ်ခြင်း၊ Piman Rattaya Throne Hall ၌ ထိုင်းဘုရင်မင်းမြတ်၏ သမီးတော် မင်းသမီးကြီး Princess Bajrakitiyabha အား အောက်မေ့သတိရ လွမ်းသူ့ပန်းခွေချခြင်း၊



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြဘုရားကျောင်းဆောင်အား လက်ယာရစ်လှည့်လည်ပူဇော်စဉ်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ထုဆစ်ပူဇော်ထားသည့် စကျင်ကျောက် ဆင်းတုတော်မြတ်အား လှူဒါန်းပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး မှတ်တမ်းစာအုပ်တွင် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းဘုရင့်နန်းတော်ဝင်းအတွင်းရှိ မြဘုရားကျောင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက ဓမ္မလက်ဆောင်ပေးအပ်စဉ်။

**လှူဒါန်း ပေးအပ်**

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းဘုရင့် နန်းတော်ဝင်းအတွင်းရှိ Dusit Maha Prasat Throne Hall ၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ထုဆစ်ပူဇော်ထားသည့် စကျင်ကျောက် ဆင်းတုတော်မြတ်အား လှူဒါန်းပေးအပ်စဉ်။



**လွမ်းသူ့ပန်းခွေချ ဂါရဝပြု**

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းဘုရင့် နန်းတော်ဝင်းအတွင်းရှိ Dusit Maha Prasat Throne Hall ၌ ထိုင်း ဘုရင်မင်းမြတ်၏ မယ်တော် မိဖုရားကြီး Queen Sirikit အား အောက်မေ့သတိရခြင်း အထိမ်းအမှတ်အဖြစ် လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၇

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၌ တရားဝင်ခရီးစဉ် (Official Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌ မစ္စတာ မုံခွန်း ဆူရာဆာဂျာနှင့် ယနေ့နံနက်ပိုင်းတွင် ထိုင်းအမျိုးသားလွှတ်တော်၌ တွေ့ဆုံဆွေးနွေးသည်။

**လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်**

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ထိုင်းအမျိုးသားလွှတ်တော်သို့ ရောက်ရှိလာရာ ထိုင်းအမျိုးသား လွှတ်တော် ယာယီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတ၊ ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ထိုင်းအမျိုးသားလွှတ်တော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရာ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌနှင့်အတူ လွှတ်တော်မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်အရာရှိကြီးများအား ထိုင်းအမျိုးသားလွှတ်တော်မှ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးနှင့် မိမိတို့ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့အနေဖြင့် တွေ့ဆုံဆွေးနွေးမှုများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ကောင်းမွန်သည့် အကျိုးရလဒ်များစွာနှင့် နားလည်မှုစာချွန်လွှာများကို အပြန်အလှန်ရေးထိုးနိုင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

မိမိတို့နှစ်နိုင်ငံအကြား တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွလက်တွဲပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား၌လည်း ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများကို ဖော်ဆောင်သွားမည်ဖြစ်ပြီး ဥပဒေပြုရေးဆိုင်ရာများတွင် အတွေ့အကြုံများကို အပြန်အလှန်ဖလှယ်သွားလိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများနှင့် ဆက်ဆံရေးကောင်း ရရှိနေမှုများအတွက်လည်း မိမိအနေဖြင့် များစွာ ဝမ်းမြောက်မိပါကြောင်းနှင့် လွှတ်တော်နှစ်ရပ်အကြား၌လည်း ပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်ဆံမှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ မိမိတို့ထိုင်းနိုင်ငံသို့လာရောက်သည့် ခရီးစဉ်အောင်မြင်ပြီး နှစ်နိုင်ငံနှင့် ပြည်သူများ၏ အကျိုးအတွက် ယခုထက် ပိုမိုဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်းကို ဆုမွန်ကောင်းတောင်းပါကြောင်း ဆွေးနွေးပြောကြားသည်။


ယင်းနောက် နိုင်ငံတော်သမ္မတက ယခုကဲ့သို့ မိမိ၏ ထိုင်းနိုင်ငံခရီးစဉ်အတွင်း ထိုင်းအမျိုးသားလွှတ်တော်ယာယီဥက္ကဋ္ဌနှင့် တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ကြောင်းနှင့် ယခုခရီးစဉ်မှတစ်ဆင့် နှစ်နိုင်ငံအကြားဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ဖော်ဆောင်ရုံသာမက အစိုးရအချင်းချင်းအကြား၊ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြပါကြောင်း၊ မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းသည်မှာ ၁၅ နှစ်တာကာလမျှသာ ရှိသေးပြီး လွှတ်တော်အနေဖြင့်လည်း အတွေ့အကြုံနုနယ်သေးသည် ဖြစ်သဖြင့် လွှတ်တော်ဆိုင်ရာ အတွေ့အကြုံကောင်းများစွာရှိသည့် ထိုင်းနိုင်ငံလွှတ်တော်နှင့် ခိုင်မာစေရေးအတွက် အထောက်အကူများစွာဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြပြီး အာဆီယံပါလီမန်များဆိုင်ရာ ညီလာခံ (AIPA) အဖွဲ့ဝင်များလည်းဖြစ်ကြပါကြောင်း၊ သို့ဖြစ်၍ နှစ်နိုင်ငံ လွှတ်တော်ချင်းသာမက အာဆီယံ ပါလီမန်များဆိုင်ရာညီလာခံ (AIPA)တွင်လည်း မြန်မာလွှတ်တော်နှင့် ပူးပေါင်း ဆောင်ရွက်သွားနိုင်ကြောင်း၊ အဆွေတော်သိပြီး ဖြစ်သည့်အတိုင်း မိမိတို့နိုင်ငံတွင် တရားမျှတသည့် ရွေးကောက်ပွဲမှတစ်ဆင့် ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်နှင့် လွှတ်တော်က ရွေးချယ်တင်မြှောက်ထားသည့် အစိုးရသစ်တို့ ပေါ်ပေါက်လာပြီဖြစ်ကြောင်း၊ မဲအများဆုံးရသူအနိုင်ရသည့်စနစ် (FPTP) နှင့်အချိုးကျ ကိုယ်စားပြုစနစ်(PR)ကို ပေါင်းစပ်ကျင့်သုံးသည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP)ကြောင့် တိုင်းရင်းသားပါတီများ၊ ပါတီငယ်များနှင့် တစ်သီးပုဂ္ဂလများ လွှတ်တော်တွင်း ကိုယ်စားပြုခွင့် ပိုမိုရရှိလာပြီဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဇူလိုင်လအတွင်း မြန်မာ - ထိုင်း - လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းကို ဖွဲ့စည်းနိုင်ခဲ့ပြီး လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ လူဦးရေ၏ ၅၃ ရာခိုင်နှုန်းခန့်သည် အမျိုးသမီးများဖြစ်ကြကြောင်း၊ လွှတ်တော်တွင်လည်း အမျိုးသမီးများ ပါဝင်မှုကဏ္ဍ တိုးမြှင့်လာကာ လွှတ်တော်အသီးသီး၌ အမျိုးသမီး ၁၃ ရာခိုင်နှုန်းခန့်ရှိပြီး ပြည်ထောင်စုအဆင့်တွင်လည်း အမျိုးသမီးများ တာဝန်ထမ်းဆောင်လျက်ရှိနေကြောင်း။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ပထဝီအနေအထားအရ အိမ်နီးချင်းနိုင်ငံများအဖြစ်သာမက သမိုင်းကြောင်း၊ ဘာသာတရား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများအရ ဆက်နွှယ်လျက်ရှိသည့် နိုင်ငံများလည်း ဖြစ်ကြောင်း၊ မိမိအနေဖြင့် ယခုခရီးစဉ်အတွင်း အဆွေတော်တို့နိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှုရလဒ်ကောင်းများ ရရှိခဲ့ပါကြောင်း၊ **နယ်စပ်ဖြတ်ကျော် မီးခိုးမြူ ညစ်ညမ်းမှုနှင့် မြစ်ရေညစ်ညမ်းမှုကိစ္စတို့ကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စများတွင်လည်း ထိုင်းနိုင်ငံနှင့်အတူ ပူးပေါင်းဖြေရှင်းသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူကိစ္စနှင့်ပတ်သက်၍ မြန်မာ-လာအို-ထိုင်း သုံးနိုင်ငံ သဘောတူထားသည့် မူဘောင်အတိုင်း ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာအလုပ်သမားများ၏ အခွင့်အရေးများ ပြည့်ဝစွာရရှိစေရေး၊ ဥပဒေနှင့်အညီ အကာအကွယ်ပေးရေးတို့နှင့်ပတ်သက်၍လည်း ကူညီဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံလို**ပါကြောင်း။

မိမိတို့နှစ်နိုင်ငံအကြား စီးပွားရေးကဏ္ဍနှင့်ပတ်သက်၍ ကိုယ်စီလိုအပ်ချက်များအပေါ် ပြန်လည်သုံးသပ်ပြီး အားသာချက်များအသုံးပြု၍ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက် ပိုမိုတိုးမြှင့် ဆောင်ရွက်သွားနိုင်မည်ဆိုပါက နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမို အကောင်အထည်ဖော်လာနိုင်မည်ဖြစ်ပါကြောင်း၊ မိမိ ယခုဆွေးနွေးခဲ့သည့် ကိစ္စရပ်များသည် နှစ်နိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှုအတွက် များစွာ အထောက်အကူပြုနိုင်လိမ့်မည်ဟုယုံကြည်ကြောင်းနှင့် အနာဂတ်တွင်လည်း မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာလာစေရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် လွှတ်တော်အတွင်း လှည့်လည်ကြည့်ရှုပြီး ထိုင်းအမျိုးသားလွှတ်တော်မှ ပြန်လည်ထွက်ခွာရာ ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌက ရင်းနှီးနွေးထွေးစွာဖြင့် လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌ မစ္စတာ မုံခွန်း ဆူရာဆာဂျာနှင့် တွေ့ဆုံဆွေးနွေးစဉ်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌ မစ္စတာ မုံခွန်း ဆူရာဆာဂျာတို့ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

- **နယ်စပ်ဖြတ်ကျော် မီးခိုးမြူညစ်ညမ်းမှုနှင့် မြစ်ရေညစ်ညမ်းမှုကိစ္စတို့ကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စများတွင်လည်း ထိုင်းနိုင်ငံနှင့်အတူ ပူးပေါင်းဖြေရှင်းသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူကိစ္စနှင့်ပတ်သက်၍ မြန်မာ-လာအို-ထိုင်း သုံးနိုင်ငံ သဘောတူထားသည့် မူဘောင်အတိုင်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်**
- **ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာအလုပ်သမားများ၏ အခွင့်အရေးများ ပြည့်ဝစွာရရှိစေရေး၊ ဥပဒေနှင့်အညီအကာအကွယ်ပေးရေးတို့နှင့်ပတ်သက်၍လည်း ကူညီဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံလို**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၇

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား ယနေ့မွန်းလွဲပိုင်းတွင် ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် သံအမတ်ကြီးက နိုင်ငံတော်သမ္မတ၏ ထိုင်းနိုင်ငံ ခရီးစဉ်ဆိုင်ရာများနှင့် သံရုံး၏ တာဝန်ထမ်းဆောင်မှုဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူခဲ့ရပြီးနောက်ပိုင်း ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) အဖြစ် ပထမဆုံးအကြိမ် လာရောက်ခဲ့ခြင်းဖြစ်ပြီး သံရုံး၊ စစ်သံရုံးများမှ ဝန်ထမ်းများ၊ မိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား လိုအပ်သည်များ မှာကြားနိုင်ရန် လာရောက်တွေ့ဆုံခြင်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့သည် ခွဲခြား၍မရနိုင်သည့် အိမ်နီးချင်း၊ မိတ်ဆွေကောင်း နိုင်ငံများဖြစ်ကြကြောင်း၊ သမိုင်းကြောင်း အဆက်ဆက်ကို ကြည့်မည်ဆိုပါကလည်း နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများအကြား၊ တပ်မတော် နှစ်ရပ်အကြားတို့၌ ခိုင်မာသည့် ချစ်ကြည်ရေးနှင့် ရင်းနှီးနွေးထွေးသည့် ဆက်ဆံရေး သမိုင်းကြောင်းများ ရှိခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ စတင်လျှောက်လှမ်းခဲ့ပြီး ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်စေရေး ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအပါအဝင် ဝါရင့်ဒီမိုကရေစီနိုင်ငံကြီးများ၏ ဖြတ်သန်းကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကိုလည်း သင်ခန်းစာယူကြရမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် မိမိတို့နိုင်ငံ၌ လက်ခံနိုင်ဖွယ်ရာမရှိသည့် မဲမသမာမှုရလဒ်များဖြစ်ပေါ်ခဲ့မှုကြောင့် နိုင်ငံတော်၏ ဒီမိုကရေစီလျှောက်လှမ်းမှုသမိုင်းကို ရုပ်ဆိုးအကျည်းတန်စေခဲ့ကြောင်း၊ နိုင်ငံရေးအရဖြစ်ပေါ်ခဲ့သည့်ပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ အကြမ်းဖက်သည့် နည်းလမ်းကို ရွေးချယ်ခဲ့မှုကြောင့် နိုင်ငံတော်တွင် လက်နက်ကိုင်အကြမ်းဖက်မှုများ ကြုံတွေ့ခဲ့ရပြီး ယနေ့အချိန်အထိ အခက်အခဲ၊ အကျပ်အတည်းများစွာကို ရင်ဆိုင်ကြုံတွေ့ကျော်ဖြတ်နေရဆဲဖြစ်ပြီး သစ္စာရှိ နိုင်ငံ့ဝန်ထမ်းများ၊ တာဝန်သိပြည်သူများနှင့်အတူ နိုင်ငံတော်ကို အကောင်းဆုံးဖြစ်အောင် ထိန်းသိမ်းကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံ၌ တရားမျှတသည့် ရွေးကောက်ပွဲမှတစ်ဆင့် ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်နှင့် လွှတ်တော်က ရွေးချယ်တင်မြှောက်ထားသည့် အစိုးရသစ် ပေါ်ပေါက်လာပြီဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ် နိုင်ငံရေး သဘောထားကွဲလွဲမှု ကိစ္စရပ်များ၊ ၎င်းမှ ဆက်စပ်ဖြစ်ပေါ်လာသည့် လက်နက်ကိုင်အကြမ်းဖက်မှုများကြောင့် နိုင်ငံသားအချို့အနေဖြင့် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းနေထိုင်ခြင်း၊ သွားရောက်အလုပ်လုပ်ကိုင်ခြင်းများရှိခဲ့ကြောင်း၊ လက်ရှိအချိန်အထိ ထိုင်းနိုင်ငံတွင် အကြောင်း အမျိုးမျိုးကြောင့် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ၊ ရွှေ့ပြောင်းအလုပ်သမားများ အများအပြားရှိနေဆဲဖြစ်ကြောင်း၊ သို့ဖြစ်၍ ထိုင်းနိုင်ငံရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများအနေဖြင့် ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေသူများနှင့် ပတ်သက်၍ တတ်နိုင်သမျှ ထိန်းသိမ်းစောင့်ရှောက်ပေးသွားရန်နှင့် မြန်မာနိုင်ငံ၏ပကတိအခြေအနေမှန်များကို သိရှိနိုင်ရေး အတွက်လည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ **ထိုင်းနိုင်ငံသို့ အကြောင်း အမျိုးမျိုးကြောင့် ရောက်ရှိနေသူများ၊ ရွှေ့ပြောင်း လုပ်သားများနှင့် ပတ်သက်၍လည်း ၎င်းတို့သည် မြန်မာနိုင်ငံသားများပင် ဖြစ်သည့်အတွက် ၎င်းတို့၏ ဘေးကင်းလုံခြုံရေးနှင့် အလုပ်သမား အခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ နှစ်နိုင်ငံ ဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရေး ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံ အမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌတို့နှင့် တွေ့ဆုံစဉ် ထည့်သွင်းဆွေးနွေးခဲ့**ကြောင်း။

ပညာတော်သင်ဆိုင်ရာများနှင့် ပတ်သက်၍ ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံ စစ်ဘက်၊ အရပ်ဘက်မှ သင်တန်းသားများ များစွာ လာရောက်သင်ယူလျက်ရှိကြပြီး ၎င်းတို့၏တိုးတက်နေသည့် ပညာရပ်ပိုင်းဆိုင်ရာ အတွေ့အကြုံများ၊ အသိပညာများကို အမှန်တကယ် သိရှိ တတ်ကျွမ်းနားလည်အောင် သင်ယူလေ့လာသွားကြရန် လိုကြောင်း၊ ဘာသာစကားနှင့် ပတ်သက်၍လည်း မိမိတို့လာရောက် တာဝန်ထမ်းဆောင်ရသည့် ကာလအတွင်း တတ်မြောက်အောင် လေ့လာသင်ယူခြင်းအားဖြင့် မိမိတို့၏ တာဝန်ထမ်းဆောင်မှုနှင့် ဘဝတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ အကျိုးရှိစေမည့်ကိစ္စရပ်များတွင်လည်း အထောက်အပံ့ကောင်းများ ဖြစ်လာစေနိုင်မည် ဖြစ်ကြောင်း။

တာဝန် ထမ်းဆောင်မှုများနှင့် ပတ်သက်၍ နိုင်ငံအချင်းချင်း ဆက်ဆံရာတွင် သံတမန်ဆက်ဆံရေးသည် များစွာအရေးပါသောကြောင့် သံရုံး၊ စစ်သံရုံးတို့မှဝန်ထမ်းများအနေဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် နိုင်ငံ့အကျိုးစီးပွားတိုးတက်လာစေရေး နိုင်ငံ့ဝန်ထမ်းကောင်း ပီသစွာဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံရပ်ခြားတွင် မိမိတို့နိုင်ငံတော်၏ တာဝန်များကို အတူတကွ လာရောက် ထမ်းဆောင်နေကြခြင်းဖြစ်သည့်အတွက် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီစောင့်ရှောက်ကြရန်နှင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဝိုင်းဝန်း ဆောင်ရွက်ကြရန် လိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင်ကြားလျက်ရှိသည့် မြန်မာနိုင်ငံမှ စစ်ဘက်၊ အရပ်ဘက် သင်တန်းသား သင်တန်းသူများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ရာ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)နှင့် သင်တန်းသား သင်တန်းသူများက လက်ခံရယူခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် သံရုံး၊ စစ်သံရုံး မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကာ သံရုံးဧည့်သည်တော်မှတ်တမ်းစာအုပ်တွင်လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် သံရုံးသို့ စာရွက်စာတမ်း အထောက်အထားဆိုင်ရာ ကိစ္စရပ်များ လာရောက်ဆောင်ရွက်နေကြသည့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားရာတွင် နိုင်ငံရပ်ခြားသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြပြီး လုပ်ငန်းများဆောင်ရွက်နေကြခြင်းဖြစ်သဖြင့် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရပါက မည်သည့် အခက်အခဲပင်ဖြစ်စေ သံရုံး၊ စစ်သံရုံးများသို့ အချိန်မရွေး အကူအညီတောင်းခံသွားကြရန် လိုကြောင်း၊ ထုတ်ပြန်ထားသည့် ဥပဒေနှင့် စည်းကမ်းများနှင့်အညီ ဖြစ်စေရေးအတွက်လည်း စနစ်တကျ နေထိုင်လုပ်ကိုင်သွားကြရန် လိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံသားများ၏ အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေးဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးသွားမည် ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် သံရုံးဝန်ထမ်းများ၏လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုကာ ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများ၊ မြန်မာ အလုပ်သမားများအား ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးသွားရန် လိုကြောင်း၊ သံရုံးဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ ဆောင်ရွက်ပေးရာတွင်လည်း စေတနာထားပြီး ကိုယ်ချင်းစာစိတ်ဖြင့် စိတ်ရှည်ရှည်ထားကာ ဆောင်ရွက်ပေးသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသံရုံးသို့ စာရွက်စာတမ်းအထောက်အထားဆိုင်ရာ ကိစ္စရပ်များ လာရောက်ဆောင်ရွက်နေကြသည့် ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ


နေပြည်တော်   ဩဂုတ်   ၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ဗန်ကောက်မြို့ ဒွန်မောင်း အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် ဦးဆောင်သည့် ထိုင်းနိုင်ငံအဆင့်မြင့်အရာရှိကြီးများနှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဝင်းသူလင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့ ပို့ဆောင်နှုတ်ဆက်စဉ် ထိုင်းဘုရင့်တပ်မတော်ဂုဏ်ပြုတပ်ဖွဲ့ကလည်း ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ ဂုဏ်ပြုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးကိုကိုလွင်၊ ဦးခင်မောင်စိုး၊ ဦးထွန်းအုံ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်က ဗန်ကောက်မြို့ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်စဉ်။

နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံ အမျိုးသားလွှတ်တော်ယာယီဥက္ကဋ္ဌတို့နှင့်တွေ့ဆုံခြင်း၊ မြန်မာ-ထိုင်းစီးပွားရေးဖိုရမ်သို့ တက်ရောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများ အချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပုဂ္ဂလိက ကဏ္ဍ အချင်းချင်းတို့၌ စီးပွားရေး၊ ကုန်သွယ်ရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးတို့ အပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေး၊ ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများနှင့် လုပ်သားများ၏ အခွင့်အရေးများ အပြည့်အဝရရှိရေးနှင့် ဥပဒေပိုင်းအရ အကာအကွယ်ပေးနိုင်ရေးတို့ကို ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပြီး နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုတို့ကို ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် နိုင်ငံတော်သမ္မတ၏ ယခုထိုင်းနိုင်ငံခရီးစဉ်သည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအတွက် ကဏ္ဍသစ်ဖွင့်လှစ်ပေးနိုင်ခဲ့သော ခရီးစဉ်တစ်ခု၊ မြန်မာနိုင်ငံသားများ အထူးသဖြင့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအတွက် အဓိပ္ပာယ်ပြည့်ဝသော ခရီးစဉ်တစ်ခုဖြစ်ခဲ့ပြီး နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများအတွက် အကျိုးရှိစေမည့် နားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက်များကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# နှစ်စဉ်ဩဂုတ်လတစ်လလုံးကို အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များအဖြစ် သတ်မှတ်ပြီး ခရိုင်၊ မြို့နယ်၊ ကျေးရွာများအထိ အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိ

နေပြည်တော်   ဩဂုတ်   ၇

မြန်မာနိုင်ငံတွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှုကို ပြည်သူလူထုက အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများအား ပိုမိုစိတ်ဝင်စားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေရန်၊ အာဟာရပြည့်ဝစွာ စားသောက်တတ်စေရန်၊ ကျန်းမာသန်စွမ်း၍ ဉာဏ်ရည်ထက်မြက်သော နိုင်ငံသားကောင်းများကို ပြုစုပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ၏ ပထမရက်သတ္တပတ်ကို မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်၊ ဒုတိယရက်သတ္တပတ်ကို အသက်(၅)နှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ တတိယရက်သတ္တပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ စတုတ္ထရက်သတ္တပတ်ကို အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်ဟူ၍ သတ်မှတ်ပြီး နှစ်စဉ်ဩဂုတ်လတစ်လလုံးကို အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအဖြစ် သတ်မှတ်ကာ ခရိုင်၊ မြို့နယ်၊ ကျေးရွာများအထိ အာဟာရဖွံ့ဖြိုးရေး လှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိသည်။

၂၀၂၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများအား ဆုများပေးအပ်သည်။

ထို့ပြင် မူကြိုကလေးငယ်များအား အင်အားပြည့်ဇီဝတာမင်အေဆေးများ တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ပါသော အဏုအာဟာရဆေးများ၊ ဗီတာမင်ဘီဝမ်းအားဆေးများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တန့်ယန်းမြို့ လွယ်ထမ်းစေတီအဝင်လမ်း ကတ္တရာလမ်းသစ် ဖွင့်လှစ်

**တန့်ယန်း   ဩဂုတ်   ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့ လုံပုံးကျေးရွာအုပ်စု နောင်ပစ်ကျေးရွာ လွယ်ထမ်းစေတီ အဝင်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို ယမန်နေ့က ကျင်းပသည်။

အဆိုပါ ကတ္တရာလမ်းသစ်ကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ဖွင့်လှစ်ပေးပြီး ဘင်ခရာတပ်ဖွဲ့၊ ပန်းဖွားအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်၍ လွယ်ထမ်းစေတီတော် အဝင် ကတ္တရာလမ်းသစ်မော်ကွန်းကျောက်စာကို အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ရှမ်းပြည်နယ် (မြောက်ပိုင်း) လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် တန့်ယန်း-မိုင်းကောင်-တာမဆွန်လမ်း မိုင် ၅၀၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့ ပြည်သူ့ဆေးရုံ၊ လွိုင်လင်ခရိုင် လဲချားမြို့ရှိ ပြောင်းသီးနှံအခြောက်ခံစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး တောင်သူဦးစိုင်းဆန် စိုက်ပျိုးထားသည့် DU12 စပါးစိုက်ခင်း၌ စုပေါင်းမြေဩဇာကြဲပက်နေမှု၊ လဲချားမြို့ မြို့မကျေးရွာအုပ်စု အတွင်းရှိ နောင်ခမ်းကန်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

အလားတူ တန့်ယန်းမြို့ပြည်သူ့ဆေးရုံ၌ ကိုယ့်အားကိုယ်ကိုး သံဃာ့ဆေးရုံ နှစ်ထပ်ဆောင် ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေကြသူများကို အားပေးစကားပြောကြား၍ အာဟာရပြည့် အစားအစာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**




**သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး**

# ခိုင်မာရဲရင့် လှမ်းတိုင်းတင့်ခဲ့ အာဆီယံတွင်းသို့ ဒုတိယမြောက် ယုံကြည်ခြေတစ်လှမ်း


**ကေဇက်ဟိန်း (PPIB)**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ၂၀၂၆ ခုနှစ် ဩဂုတ်လ ၆ ရက် နေ့မှာ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ Official Visit ခရီးစဉ်ကို စတင်ခဲ့ပါတယ်။ ဒီခရီးစဉ်ကိုတော့ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်က ဖိတ်ကြားခဲ့တာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲအနေနဲ့ နိုင်ငံတော်သမ္မတတာဝန် စတင်ယူခဲ့စဉ်ကစလို့ ပြည်ပနိုင်ငံအကြီးအကဲများရဲ့ တခုတ်တရ ဖိတ်ကြားမှုကိုခံခဲ့ရပါတယ်။

ပြည်ပခရီးစဉ်များကို ပြန်ကြည့်ရင် ပထမဆုံးပြည်ပခရီးစဉ်ဟာ ကမ္ဘာ့ဦးဆောင်နိုင်ငံတစ်ခုဖြစ်တဲ့ အိန္ဒိယနိုင်ငံခရီးစဉ်ပဲဖြစ်ပါတယ်။ ဒုတိယပြည်ပခရီးစဉ်ကတော့ ကမ္ဘာ့ဦးဆောင်နိုင်ငံဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တတိယ ပြည်ပခရီးစဉ်ကတော့ အာဆီယံဒေသတွင်းနိုင်ငံတစ်ခုဖြစ်တဲ့ လာအိုနိုင်ငံနဲ့ စတုတ္ထမြောက်ဖြစ်တဲ့ လက်ရှိပြည်ပခရီးစဉ်ကတော့ အာဆီယံဒေသတွင်းရဲ့ ထိုင်းနိုင်ငံပဲ ဖြစ်ပါတယ်။ တခုတ်တရ ဖိတ်ကြားမှုကြောင့် သွားရောက်ခဲ့တဲ့ ပြည်ပနိုင်ငံများကိုကြည့်ရင် နယ်နိမိတ်ချင်းထိစပ်မှုသာမက ကမ္ဘာ့မျက်နှာစာနဲ့ အာဆီယံဒေသတွင်းဆိုတဲ့ အခြေအနေတို့ကိုပါ ထည့်သွင်းသုံးသပ်ရမှာဖြစ်ပြီး နိုင်ငံတော်အကြီးအကဲရဲ့ ဦးဆောင်မှုနဲ့အတူ လက်ရှိပေါ်ပေါက်ခဲ့တဲ့ ဒီမိုကရေစီအစိုးရသစ်ရဲ့ အရေးပါအရာရောက်မှုကိုပါ မျက်ဝါးထင်ထင်တွေ့မြင်ရမှာဖြစ်ကြောင်း ကနဦးမီးမောင်းထိုးပြလိုပါတယ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်တို့ ဩဂုတ် ၆ ရက်က တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်တို့ ဩဂုတ် ၆ ရက်က ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။

**မြန်မာနိုင်ငံမှသည် ထိုင်းနိုင်ငံဆီသို့**

**၂၀၂၆ခုနှစ်၊ ဩဂုတ်လ ၆ ရက်ရဲ့ နံနက်ခင်းတစ်ခုပင်။** ထက်အာကာတစ်ခွင် ကြည်လင်သော်ငြား မိုးသားတိမ်လိပ်တို့က ပဝါပါးပါးတစ်လွှာကို လွှမ်းခြုံထားသလို။ နေပြည်တော်လေဆိပ်တွင် နိုင်ငံတော်အကြီးအကဲကို ပို့ဆောင်နှုတ်ဆက်ကြမည့် နိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဦးဆောင်တဲ့ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ဝင်တွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်တဲ့ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများကလည်း အသင့်စောင့်ဆိုင်းလို့နေပါတယ်။

နိုင်ငံတော်အကြီးအကဲလိုက်ပါလာတဲ့ အထူးယာဉ်တန်းဟာ အေးမြတဲ့ လေပြည်နုများကြားမှာ တည်ငြိမ်စွာမောင်းနှင်ရင်း လေဆိပ်အတွင်း ဝင်ရောက်လာခဲ့ပါပြီ။ နိုင်ငံတော်အကြီးအကဲက အထူးယာဉ်ပေါ်မှ ဖြည်းညင်းစွာ ဆင်းသက်လိုက်ပါတယ်။ ယာဉ်ပေါ်မှဆင်းသက်လိုက်သည်နှင့် ခရီးဦးကြိုပြုနေသူများကို နိုင်ငံတော်အကြီးအကဲက ပြုံးရွှင်စွာ ကနဦးနှုတ်ဆက်လိုက်ပါတယ်။ အထူးလေယာဉ်ပေါ် သွားရာလမ်းတစ်လျှောက် စောင့်ကြိုနေသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လက်ဆွဲနှုတ်ဆက်ခဲ့ပြန်ပါသေးတယ်။ ဒီမြင်ကွင်းဟာ သာမန်မြင်ကွင်းတစ်ခုမဟုတ်ဘဲ စာရေးသူတို့နိုင်ငံရဲ့ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်ဆိုတဲ့ အဓိကပင်နယန်သုံးခုရဲ့ စည်းလုံးညီညွတ်မှု၊ ချစ်ခင်ရင်းနှီးမှု၊ တွဲလက်ညီမှုဆိုတဲ့ ညွှန်းဆိုချက်များသာဖြစ်ပါတယ်။ ဘယ်ပန်းချီကရေးလို့ မီနိုင်ပါ့ဦးမလဲ။ စာရေးသူပင် အမှတ်မထင်ပြုံးလျက် မှင်တက်များပင် မိခဲ့ပါသေးတယ်။

အသီးသီး လက်ဆွဲနှုတ်ဆက်ရင်း နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ အသင့်စောင့်ဆိုင်းနေတဲ့ အထူးလေယာဉ်ပေါ်သို့ လျှောက်လှမ်းသွားခဲ့ပါပြီ။ သည်လိုနဲ့ နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့ အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့လိုက်ပါလာတဲ့ အထူးလေယာဉ်ဟာ တိမ်တိုက်များထဲ တိုးဝှေ့ရင်း အိမ်နီးချင်းတို့ရှိရာ ထိုင်းနိုင်ငံဆီကို တရွေ့ရွေ့ ထွက်ခွာလာခဲ့ပါတော့တယ်။ ဒီခရီးစဉ်မှာဆိုရင် နိုင်ငံတော်အကြီးအကဲနဲ့အတူ ခရီးစဉ်နဲ့သက်ဆိုင်တဲ့ ပြည်ထောင်စုဝန်ကြီးတွေ၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးတွေ၊ ဒုတိယဝန်ကြီးတွေ လိုက်ပါလာခဲ့ပါတယ်။ ဒ့ါအပြင် ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်တို့ပါ လိုက်ပါလာခဲ့ပါတယ်။ ဒီညွှန်းဆိုချက်ဟာ သာမန်ထက်ပိုပါတယ်။

မိဘတွေဟာ အိမ်နီးချင်းအိမ်တစ်အိမ်ကို သွားလည်တာမျိုး၊ မိတ်ကောင်းဆွေကောင်းတွေရဲ့ ပွဲတစ်ခုခုကို သွားတာမျိုး၊ ခရီးတစ်ခုသွားတာမျိုး စတာတွေမှာ မိမိသားသမီးတွေရဲ့အရွယ်ကို ကြည့်ပြီး ခေါ်သွားတတ်ကြပါတယ်။ သွားမယ့်နေရာမှာ သိစေချင်တဲ့အရာတွေ၊ ဗဟုသုတရစေချင်တဲ့အရာတွေ၊ အတွေ့အကြုံကောင်း ရစေချင်တဲ့အရာတွေ စတဲ့ အခြေအနေတွေအပေါ် တွေးဆပြီး ခေါ်သွားတတ်ကြပါတယ်။ မိဘနဲ့သားသမီးသဘာဝကို မြင်တွေ့နိုင်သလို နိုင်ငံတော်နဲ့နိုင်ငံသားတွေအတွက် ဆောင်ရွက်သင့်တာမှန်သမျှကို Government To Government ( G To G) ပဲ ဆောင်ရွက်ရမယ်ဆိုတဲ့ နိုင်ငံ့ခေါင်းဆောင်တစ်ယောက်ရဲ့ နိုင်ငံတကာကို လှစ်ဟပြတဲ့ ရင်တွင်းဆုံးဖြတ်ချက်သဘောတစ်ခုကိုလည်း ထိုးဖောက်မြင်တွေ့မိပါတယ်။ စာရေးသူဆိုလိုတဲ့ သာမန်ထက်ပိုတဲ့ ညွှန်းဆိုချက်ဆိုတာ ဒီသဘောပါပဲ။ စာရေးသူရဲ့ အမြင်တစ်ခုသာ ဖြစ်ပါတယ်။

ဒေသစံတော်ချိန် ၉နာရီ မိနစ် ၂၀မှာ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာတဲ့ အထူးလေယာဉ်ဟာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဆိုက်ရောက်ခဲ့ပါပြီ။ လေဆိပ်ကိုရောက်တာနဲ့ ကြည်လင်တဲ့ ရာသီဥတုက အသင့်ဆီးကြိုလို့နေပါတယ်။ လေယာဉ်ပေါ်က ဆင်းလိုက်တာနဲ့ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဦးဆောင်တဲ့ ထိုင်းနိုင်ငံက တာဝန်ရှိသူတွေ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနဲ့ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)စစ်သံမှူးနှင့်ဇနီးတို့က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုခဲ့ကြပါတယ်။

အထူးလေယာဉ်ပေါ်ကဆင်းရာ လမ်းတစ်လျှောက် ကော်ဇောနီခင်းကာ ဝဲ၊ ယာမှာလည်း ဂုဏ်ပြုတပ်ဖွဲ့များရဲ့ အလေးပြုကြိုဆိုခြင်းကို တွေ့မြင်ရပါတယ်။ ဒ့ါအပြင် ဂုဏ်ပြုအမြောက်တပ်ဖွဲ့ကလည်း အမြောက် ၂၁ ချက်ပစ်ဖောက်ပြီး ကြိုဆိုခဲ့ပါတယ်။ ဒီမြင်ကွင်းတွေကိုမြင်တိုင်း ကမ္ဘာ့ဦးဆောင်နိုင်ငံကြီးတွေ၊ အာဆီယံဒေသတွင်းက နိုင်ငံတွေရဲ့ မိမိနိုင်ငံတော်အကြီးအကဲပေါ်ထားရှိတဲ့ လေးနက်တဲ့တန်ဖိုးထားရှိမှုများနဲ့ လှိုက်လှဲတဲ့အသိအမှတ်ပြုခြင်းတွေကို အလိုလိုခံစားရပါတယ်။ နိုင်ငံတော်အကြီးအကဲအပေါ် ထင်ဟပ်လာတဲ့ ဂုဏ်ယူတန်ဖိုးထားစိတ်များနဲ့အတူ အဝေးတစ်နေရာမှာ ကျန်ခဲ့တဲ့ အမိနိုင်ငံတော်ကြီးရဲ့ တန်ဖိုးကိုလည်း လွမ်းလို့ပင် မှန်းဆမိပါသေးတယ်။

**ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင်ချာဝီရကွန်မှ ဂုဏ်ပြုကြိုဆိုနေ**

နိုင်ငံတော်အကြီးအကဲနဲ့အတူ စာရေးသူတို့အဖွဲ့ဟာ လေဆိပ်ကနေ အထူးယာဉ်တန်းနဲ့ ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော်ဆီသို့ ခရီးဆက်ခဲ့ပါတယ်။ လမ်းတစ်လျှောက် ထိုင်း-မြန်မာ နှစ်နိုင်ငံအလံတွေကို စိုက်ထူပြီး ခရီးစဉ်အတွက် စနစ်တကျစီစဉ်ထားတာကို တွေ့မြင်ရပါတယ်။

နိုင်ငံတော်အကြီးအကဲနဲ့အတူ စာရေးသူ နိုင်ငံအချို့ကို ရောက်ဖူးခဲ့ပါတယ်။ နိုင်ငံအလိုက် ဖွံ့ဖြိုးတိုးတက်မှုတွေကို မြင်ခဲ့ဖူးပါတယ်။ ဒီခရီးစဉ်မှာလည်း ဗန်ကောက်ရဲ့ မြို့ပြဖွံ့ဖြိုးမှုဟာ အသွင်တစ်မျိုးနဲ့ စာရေးသူကို ဆွဲဆောင်လိုက်နိုင်ပါတယ်။ အထပ်မြင့်အဆောက်အအုံတွေ၊ အဆင့်မီတဲ့ မြို့ပြလမ်းမတွေ၊ မြို့ပြများရဲ့ နေရာအချို့ကနေ အဆင့်အတန်းမီတည်ဆောက်ထားတဲ့ ခုံးကျော်တံတားကြီးတွေနဲ့ မြို့တော်ဗန်ကောက်ရဲ့ပုံရိပ်တွေကတော့ ရိုက်ချက်မိတဲ့ ဓာတ်ပုံကောင်းတစ်ကွက်၊ ဆေးချက်ညီတဲ့ ပန်းချီကားတစ်ချပ်လိုပါပဲ။ မြို့တော်ဗန်ကောက်ဟာ စာရေးသူကို သူ့ရဲ့ Green City၊ Clean City ၊ Smart City ဖြစ်ကြောင်းကို ဂုဏ်ယူဝံ့ကြွားနေသလိုပင်။ ရာသီသဘာဝနဲ့ မြို့ပြအလှ စည်းချက်ညီနေသည်ဟု ဆိုရပါမယ်။

မကြာမီပင် နိုင်ငံတော်အကြီးအကဲလိုက်ပါလာတဲ့ အထူးယာဉ်တန်းဟာ အစိုးရအိမ်တော်အဆောက်အအုံရှေ့ကို ရောက်ရှိခဲ့ပါပြီ။ နိုင်ငံတော်အကြီးအကဲက အထူးယာဉ်တန်းက ဆင်းလိုက်သည်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်က ရင်းနှီးလှိုက်လှဲနွေးထွေးစွာ ကြိုဆိုခဲ့ပါတယ်။ နှစ်နိုင်ငံအကြီးအကဲနှစ်ဦးဟာ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုမည့် အလေးပြုခံစင်မြင့်ထက်ကို တည်ငြိမ်စွာလျှောက်လှမ်းသွားကြပါတယ်။ အလေးပြုခံစင်မြင့်ထက်မှာ နေရာယူပြီး ထိုင်းဘုရင့်တပ်မတော်ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများနဲ့ တီးမှုတ်ဂုဏ်ပြုကာ အလေးပြုခြင်းကို ခံယူခဲ့ပါတယ်။

နှစ်နိုင်ငံအကြီးအကဲနှစ်ဦးဟာ တည်ငြိမ်သောခြေလှမ်းများနှင့် ဂုဏ်ပြုတပ်ဖွဲ့များကို လျှောက်လှမ်းစစ်ဆေးခဲ့ပါတယ်။ လိုက်ပါလာတဲ့ နှစ်နိုင်ငံကိုယ်စားလှယ်အရာရှိကြီးများကို အပြန်အလှန်မိတ်ဆက်ပေးပြီး အစိုးရအိမ်တော်ခန်းမအတွင်းကို ဝင်ရောက်သွားခဲ့ပါပြီ။

နှစ်နိုင်ငံအကြီးအကဲနှစ်ဦး တွေ့ဆုံစဉ်မှာတော့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြောင်းလဲမှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိမှုများ၊ အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာများ၊ တရားမဝင် နယ်စပ်ကုန်သွယ်မှုတိုက်ဖျက်ရေးဆိုင်ရာများ၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူနှင့် မြစ်ရေညစ်ညမ်းမှုဆိုင်ရာများ၊ စွမ်းအင်ကဏ္ဍပူးပေါင်းမှုများ၊ အာဆီယံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် နှစ်နိုင်ငံရှိရင်းစွဲချစ်ကြည်ရေးကိုအခြေခံပြီး ပိုမိုပူးပေါင်းဆောင်ရွက်သွားဖို့ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပါတယ်။

နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးရဲ့ အပြုံးများက ဆွေးနွေးမှုများရဲ့ ရလဒ်များလို့ ဆိုရပါမယ်။ စာရေးသူလည်း မနီးမဝေးတစ်နေရာက ပြုံးကြည့်ရင်း မိမိနိုင်ငံရဲ့ နယ်စပ်ဒေသတည်ငြိမ်ရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားရေး တာဝန်တစ်ရပ်သဖွယ်ဖြစ်သော အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး၊ နယ်စပ်ကုန်သွယ်မှုအပါအဝင် စွမ်းအင်ကဏ္ဍများအတွက် ဖြစ်ပေါ်လာမယ့် အနာဂတ်ကို တွေးဆလို့ ပီတိဖြစ်မိခဲ့ပါတယ်။ ဆိုခဲ့စေ၊ မြဲစေမို့ မိမိတို့နိုင်ငံရဲ့ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုအပါအဝင် အထူးသဖြင့် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့မှာ နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်မှုအဟုန်ကိုအဟန့်အတားသဖွယ် ဖြစ်နေတဲ့လက်နက်ကိုင် ပဋိပက္ခအရေးရဲ့ တစ်စတစ်စ ကွယ်ပျောက်သွားနိုင်မှုကိုလည်း မှန်းဆပုံဖော်မိပါသေးတယ်။ စာရေးသူရဲ့ အတွေးတစ်စပင်။ **စာမျက်နှာ ၉ သို့** ★

★ စာမျက်နှာ ၈ မှ
**နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး၏ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခြင်းနှင့်အတူ နှစ်နိုင်ငံ စာချွန်လွှာ၊ သဘောတူစာချုပ်များ အပြန်အလှန် လက်မှတ်ရေးထိုးကြပြီ**

တွေ့ဆုံပွဲကို အစိုးရအိမ်တော် Pakdi Bodin Building မှာ ကျင်းပခဲ့ပါတယ်။

**"နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ကြပြီး ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် နိုင်ငံဖြစ်ပါကြောင်း"**

**"နှစ်နိုင်ငံကြား ရှည်လျားသည့် နယ်နိမိတ်ထိစပ်နေမှုနှင့်အတူ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့သည်လည်း အပြန်အလှန်ဆက်စပ်လျက်ရှိနေပါကြောင်း၊ အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံအနေဖြင့် မူလအခြေအနေကဲ့သို့ ပြန်လည်ပါဝင်နိုင်ရေးအတွက်ကိုလည်း ထိုင်းနိုင်ငံမှ လိုလားပါကြောင်း"**

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်ရဲ့ ဆွေးနွေးမှုများထဲမှ ထုတ်နုတ်မျှဝေခြင်းဖြစ်ပါတယ်။ မိတ်ဆွေကောင်းတို့မည်သည် အချင်းချင်း ပျက်စီးမည့်အကျိုးကို လိုလားသည်မဟုတ်။ မိတ်ဆွေအချင်းချင်းကြားက ယုံကြည်စိတ်ချရမှုမှာ ရွှေငွေကျောက်သံရတနာတို့ထက် အဖိုးထိုက်လှပါတယ်။ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ကတိသစ္စာတစ်ခွန်းကား မိမိတို့နိုင်ငံနှင့် ထိစပ်နယ်မြေများအပေါ် များစွာ ခရီးရောက်ခဲ့ပါပြီ။

မြန်မာနိုင်ငံနှင့် အာဆီယံဟု ဖွင့်ဟခဲ့သော စကားတစ်ခွန်းသည် မစ္စတာ အနုထင် ချာဝီရကွန် ထံမှပင်မဟုတ် ခရီးစဉ်တိုင်းရှိ နိုင်ငံ့ခေါင်းဆောင်များ၏နှုတ်မှ ကြားနေရသော စကားလုံးတစ်ခုပါ။ သည်လိုဆိုလျှင် သခွတ်ပင်ကမီးတကျီကျီလို ဖြစ်နေတဲ့ အာဆီယံအရေးအတွက် မည်သူတွေမည်သို့ဆိုကြမလဲ။ မြန်မာက အာဆီယံကို လိုတာလား၊ အာဆီယံက မြန်မာကိုလိုတာလား။ ကိုယ်တိုင်ဆုံးဖြတ်သင့်သူတွေ သိမ်မွေ့စွာ ဆုံးဖြတ်လုပ်ကိုင်သွားကြပါလိမ့်မယ်။ စာရေးသူရဲ့ အတွေးစတစ်ခုသာဖြစ်ပါတယ်။

**"မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်အခြေချပြီး ပိုမိုကောင်းမွန်သည့် အနာဂတ်ဆီသို့ဦးတည်လျှောက်လှမ်းနေပြီဖြစ်ကာ မိမိတို့အစိုးရသစ်အနေဖြင့် လက်ရှိတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း"**

**"နိုင်ငံတကာဆက်ဆံရေးတွင်လည်း အိမ်နီးချင်းနှင့် ဒေသတွင်း မိတ်ဖက်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးဆက်ဆံရေးကို ထိန်းသိမ်းထားပြီး အာဆီယံနှင့်လည်း ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိရေးကို အလေးထားဆောင်ရွက်သွားမည်"**

**"နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများအကျိုးအတွက် ပိုမိုနီးကပ်သည့် မိတ်ဖက်ဆက်ဆံရေးကို ဆက်လက်ခိုင်မာအားကောင်းလာအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း"**

မိမိနိုင်ငံအကြီးအကဲရဲ့ ဆွေးနွေးချက်များထဲမှ ဆွေးနွေးချက်အချို့ ဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်ရဲ့ ဒီမိုကရေစီလမ်းကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု၊ အာဆီယံအရေးစတဲ့အချက်တွေကို လိုရင်းတိုရှင်းစွာနဲ့ ထိထိမိမိ ပြန်လည်ဆွေးနွေးခဲ့ပါသေးတယ်။ ဒါ့အပြင် နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးမှုဟူသည့် ဆက်နွှယ်မှုကို ကိုင်ဆောင်၍ နှစ်နိုင်ငံပြည်သူများအကျိုးကို လည်း အချက်ကျကျ ပြန်လည်ဆွေးနွေးနိုင်ခဲ့ပါတယ်။

**" ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံအတွက် အမြဲတမ်းယုံကြည်ရသည့် မိတ်ဆွေနိုင်ငံဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် နယ်စပ်ဆိုင်ရာများနှင့်**




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်" တွင် ဩဂုတ် ၆ ရက်က မိန့်ခွန်းပြောကြားစဉ်။

**ပတ်သက်၍ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှု၍ဆောင်ရွက်သွားမည်"**

**"နှစ်နိုင်ငံအကြားကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း"**

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်ရဲ့ ပြန်လည်ဆွေးနွေးမှုများထဲက ထုတ်နုတ်တင်ပြတာဖြစ်ပါတယ်။

အပြန်အလှန် ဆွေးနွေးချက်များကြားက မွေးဖွားလာသည့် ကတိစကားများက နှစ်ပြည်ထောင်ပြည်သူများအတွက် လှပတဲ့အနာဂတ်များအဖြစ် ပုံပေါ်လာပါတော့မယ်။ "မကောင်းတာတွေပျောက်စေ၊ ကောင်းတာတွေရောက်စေ" ဟူသော စာရေးသူရဲ့ မိဘဘိုးဘွားများ ဆုပေးသံကို အမှတ်အထင် ကြားယောင်မိပါသေးတယ်။ ဒါ့အပြင် နှစ်နိုင်ငံလွှတ်တော်များအကြား အပြန်အလှန်လေ့လာရေးခရီးစဉ်များ စေလွှတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကာကွယ်ရေးကဏ္ဍတွင် နှစ်နိုင်ငံအကြား မဟာဗျူဟာအဆင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရေး တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ပါသေးတယ်။

နှစ်နိုင်ငံအကြီးအကဲများရှေ့မှောက်မှာပဲ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှု၊ လုပ်သားများခန့်ထားရေးဆိုင်ရာ သဘောတူညီချက်၊ အာကာသနည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး၊ နယ်နိမိတ်နှင့် နယ်စပ်ဖြတ်ကျော် မြစ်ရေများ၏ ရေအရည်အသွေး စီမံခန့်ခွဲမှုဆိုင်ရာပူးတွဲလုပ်ငန်းအဖွဲ့၏ လုပ်ငန်းလမ်းညွှန် စတဲ့ သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ လေးခုတို့ကို အပြန်အလှန် လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြပါတယ်။

**နိုင်ငံတော်အကြီးအကဲ မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်သို့ တက်ရောက်ပြီ**

မြန်မာ- ထိုင်း စီးပွားရေးဖိုရမ်ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Queen Sirikit National Convention Center မှာ ကျင်းပခဲ့ပါတယ်။ ဆွေးနွေးပွဲမှာ နှစ်နိုင်ငံအကြီးအကဲတို့ဟာ မိန့်ခွန်းပြောကြားခဲ့ပါတယ်။

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်က စတင်ပြောကြားခဲ့ပါတယ်။ ထိုင်းနိုင်ငံအကြီးအကဲအနေနဲ့ နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ထုတ်လုပ်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေး၊ ထောက်ပံ့ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ အိမ်ခြံမြေလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများအပေါ် လွှမ်းခြုံပြောကြားခဲ့ပါတယ်။ ဒါ့အပြင် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက် (Supply Chain)နဲ့ စပ်လျဉ်းပြီး နှစ်နိုင်ငံအစိုးရများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနဲ့ ပိုမိုနီးကပ်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မှု အားကောင်းရေးမှသည် နှစ်နိုင်ငံရဲ့ အနာဂတ်စီးပွားရေးအထိ အကျိုးရလဒ်ဖော်ဆောင်ရေးထိ ရှင်းလင်းပြောကြားခဲ့ပါတယ်။

မိမိတို့နိုင်ငံအကြီးအကဲ အလှည့်မှာတော့ နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးပြုမယ့် မိတ်ဆက်စီးပွားရေးပူးပေါင်းမှုကနေ ကမ္ဘာကြီးရဲ့ ခန့်မှန်းရခက်တဲ့ အပြောင်းအလဲပေါ် ဖြစ်ပေါ်လာမယ့် စီးပွားရေးစိန်ခေါ်မှုကို ကြံ့ကြံ့ခံနိုင်ဖို့ စာမျက်နှာသစ်တစ်ရပ်ဆိုတဲ့စကားနဲ့ လှပစွာ စကားဖွင့်လှစ်ခဲ့ပါတယ်။

ဆက်လက်ပြီးတော့ နှစ်နိုင်ငံ နယ်နိမိတ်ထိစပ်မှု၊ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ကုန်ထုတ်လုပ်မှု၊ ပို့ကုန်သွင်းကုန်များပို့ဆောင်နေမှု စတဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်မှုတွေကို ပကတိထက် အနာဂတ်မှာ ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်ဖို့ကိုလည်း ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် မိမိနိုင်ငံရဲ့ ပထဝီကျကျ တည်ရှိနေမှုတန်ဖိုးကို အခြေခံပြီး မိမိတို့နိုင်ငံရဲ့မြေပထဝီဟာ မဟာမဲခေါင်ဒေသ၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စတဲ့ မဟာဗျူဟာမြောက်အရေးပါမှုတို့ကိုပါ ဆင့်ကဲချပြနိုင်ခဲ့ပါတယ်။ နှစ်နိုင်ငံကြား မြေပထဝီကိုယ်စီပိုင်ဆိုင်မှုမှတစ်ဆင့် ဒေသတွင်းမဟာဗျူဟာမြောက်စီးပွားရေးစင်္ကြံလမ်းတွေ ပိုင်ဆိုင်ထားတာနဲ့အညီ တရားဝင်အကျိုးတူစီးပွားရေးလုပ်ငန်းများကို အစိုးရပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနဲ့ နီးကပ်စွာဆောင်ရွက်ကြဖို့အပြင် တရားမဝင်ကုန်သွယ်ရေးလုပ်ငန်းများကိုလည်း အားမပေးကြောင်း၊ ပူးပေါင်းတိုက်ဖျက်သင့်ကြောင်းတို့ကိုပါ လိမ်မာပါးနပ်စွာ ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ အရှေ့အာရှ၊ အရှေ့တောင်အာရှ၊ တောင်အာရှတို့ရဲ့ Land Bridge (ကုန်းမြေပေါင်းကူးတံတား)ဖြစ်ပြီး ထိစပ်အိမ်နီးချင်းနိုင်ငံများအနေနဲ့ ကုန်တွင်းထိစပ်မှုကတစ်ဆင့် ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာဆိုတဲ့ သမုဒ္ဒရာ နှစ်စင်းဆီသို့ အနာဂတ် ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေးအထိ ခရီးဆက်နိုင်မှုကို ထိထိမိမိချပြနိုင်ခဲ့ပါတယ်။ ဒါ့အပြင် တရုတ်-မြန်မာစီးပွားရေးစင်္ကြံလမ်း၊ မြန်မာ-အိန္ဒိယ ကုလားတန် ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်း၊ မြန်မာ-ထိုင်း-အိန္ဒိယသုံးနိုင်ငံ အဝေးပြေးလမ်းမကြီးအစီအစဉ် စတဲ့ ဒေသတွင်းထောက်ပံ့ပို့ဆောင်ရေးကွန်ရက်များ ချိတ်ဆက်နိုင်မှုတွေကို ပိုင်ဆိုင်ထားတဲ့ မြန်မာ့မြေရဲ့စွမ်းအားကို စိတ်ဝင်စားစွာချပြနိုင်ခဲ့ပါတယ်။

နိုင်ငံတွင်းဆောင်ရွက်နေတဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ၊ စွမ်းအင်ကဏ္ဍတွေ၊ စက်မှုထုတ်ကုန်လုပ်ငန်းတွေ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်ငန်းတွေ စတဲ့ လိုအပ်တဲ့ ကဏ္ဍစုံစီးပွားရေးလုပ်ငန်းတွေမှာ လာရောက်ရင်းနှီးမြှုပ်နှံမှုတွေအတွက်လည်း ဖိတ်ခေါ်ခဲ့ပါတယ်။ နှစ်နိုင်ငံပိုင်ဆိုင်ထားတဲ့ မြေပထဝီ၊ ကုန်ထုတ်စွမ်းအား၊ လူသားအရင်းအမြစ်စွမ်းအား၊ ရင်းနှီးမြှုပ်နှံမှုစွမ်းအားတွေကတစ်ဆင့် နှစ်နိုင်ငံအတွက် Win -Win သီအိုရီကို ပြည့်ပြည့်စုံစုံနဲ့ ပြောကြားခဲ့တာကို တွေ့မြင်ခဲ့ရပါတယ်။ ဒါ့အပြင် မိမိတို့နိုင်ငံတော်အကြီးအကဲ အနေနဲ့လည်း ခေတ္တတည်းခိုရာ ဟိုတယ်မှာပင် ထိုင်းနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များနဲ့ သီးခြားတွေ့ဆုံမှုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ခရီးစဉ်မှာ လိုက်ပါလာတဲ့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးတို့ တွေ့ဆုံပြီး နှစ်နိုင်ငံလျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးတို့အတွက်လည်း ဆွေးနွေးခဲ့ကြပါသေးတယ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်တို့ "မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်" တွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

ညပိုင်းမှာတော့ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်က နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ပါတယ်။

Official Visit ထိုင်းနိုင်ငံခရီးစဉ်ရဲ့ တစ်ရက်တာလေးကတော့ ကုန်လွန်သွားခဲ့ပါပြီ။ အနည်းငယ်သော အချိန်တွေထဲမှာ မြားမြောင်သော စကားလုံးတွေနဲ့အတူ များပြားသော နိုင်ငံ့အကျိုးတွေကို အရယူသိမ်းပိုက်နိုင်ခဲ့တယ်လို့ ဆိုရပါမယ်။ နိုင်ငံတော်အကြီးအကဲဟာ မိမိရဲ့ယုံကြည်မှု၊ အစိုးရအဖွဲ့ဝင်တွေအပေါ်ထားတဲ့ ယုံကြည်မှု၊ နိုင်ငံရဲ့ ပထဝီပိုင်ဆိုင်မှုတန်ဖိုးတို့အပေါ် မမိုတ်မသုန် လက်ကိုင်ပြုပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ကြိုးစားဆောင်ရွက်နေတာကို အထင်အရှားတွေ့မြင်ရပါတယ်။

နိုင်ငံ့အရေးကို ကြိုးပမ်းရင်း အကြီးအကဲရဲ့ အရှိန်အဟုန်နဲ့ လျှောက်လှမ်းနေမှုများဟာ ကမ္ဘာ့မျက်နှာစာတစ်ခု၊ ဒေသတွင်းမျက်နှာစာတစ်ခုဆိုတဲ့ထိ တွေ့မြင်ရမှာဖြစ်ပါတယ်။ ယခု ထိုင်းနိုင်ငံခရီးစဉ်ဟာလည်း ပြည့်အကျိုးသယ်ပိုးရင်း **" ခိုင်မာရဲရင့် လှမ်းတိုင်းတင့်ခဲ့တဲ့ အာဆီယံဒေသတွင်းဆီသို့ ဒုတိယမြောက် ယုံကြည်ခြေတစ်လှမ်းအဖြစ် သမိုင်းတွင်ခဲ့ပြီ ဟုသာ စာလွှာပါးရင်း ကမ္ပည်းတင်လိုက်ပါရစေခင်ဗျာ။"** ။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များ မထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကြေညာချက်အမှတ်(၁/၂၀၂၆) ဖြင့် ဧပြီ ၂၁ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းပြည်တိုးတက်ရေး ပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၃) စဝ်ဆေပိုင်ဖ၊ အတွင်းရေးမှူး(၃) စဝ်ပထွန်း၊ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် စဝ်ဖူးလူနှင့် စဝ်စွမ်မောဝ်၊ ရုံးအဖွဲ့မှူး စဝ်အွန်မိန်းတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)အဖွဲ့သည် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုအပြီးတွင် အစောဆုံး လာရောက်တွေ့ဆုံခဲ့သည့်အဖွဲ့ဖြစ်ကြောင်း၊ ယနေ့တွေ့ဆုံမှုသည် အစိုးရသစ်တက်လာပြီးနောက်ပိုင်း ဒုတိယအကြိမ် တွေ့ဆုံမှုဖြစ်ပြီး ယခင်ကလည်း တွေ့ဆုံဆွေးနွေးမှုများရှိခဲ့ကြောင်း၊ ပထမအကြိမ်တွင် နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ပြီး ဒေသတည်ငြိမ်ရေးနှင့်ပတ်သက်၍ နှစ်ဖက်ပေါင်းစပ်အဖွဲ့ ဖွဲ့စည်းနိုင်ရန် ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ဒေသတွင်းမတည်ငြိမ်သည့် အခြေခံအကြောင်းရင်းများဖြစ်သည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားများကို အဓိကပပျောက်စေလိုကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများမဖြစ်ရန် လိုအပ်ကြောင်း၊ ပဋိပက္ခဖြစ်ပွားသည်နှင့် ဒေသတွင်း အရင်းအမြစ်များစွာ ဆုံးရှုံးပါကြောင်းနှင့် ပထမအကြိမ် ဆွေးနွေးချက်များအား မည်သို့ဆောင်ရွက်နေသည်ကို နှစ်ဖက်ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၃) စဝ်ဆေပိုင်ဖက ယနေ့ဆွေးနွေးပွဲတွင် ကောင်းမွန်သည့်ရလဒ်ရရှိမည်ဟု မျှော်လင့်ကြောင်း၊ ယခုတွေ့ဆုံပွဲတွင် ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များကို အခြေခံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ SSPP အနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုပေါ်ပေါက်လာရေးအခြေခံပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်နိုင်ရေး “မူ” ကို အစဉ်အမြဲကိုင်စွဲထားကြောင်း၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် စိတ်ဆန္ဒရှိကြောင်း၊ လက်ရှိအနေအထားတွင် မိမိတို့ဒေသဖွံ့ဖြိုးရေးကို ကြိုးစားဆောင်ရွက်နေပြီး တပ်မတော်နှင့်လည်း ထိတွေ့မှုမရှိကြောင်း၊ အတိတ်က ဖြစ်စဉ်များအား အမြဲသင်ခန်းစာယူပါကြောင်း၊ ငြိမ်းချမ်းရေးသည် မိမိတို့ပြည်ထောင်စုကြီးအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်ကြောင်း၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ လက်ရှိ ရရှိထားသည့် အေးချမ်းတည်ငြိမ်မှုအား မပျောက်အောင် ဝိုင်းဝန်းဆောင်ရွက်သွားပါက ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် နိုင်ငံတော်အား တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းသွားနိုင်ရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်မြေတည်ငြိမ် အေးချမ်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုဘဝဖွံ့ဖြိုး ကောင်းမွန်စေရေး၊ နိုင်ငံတစ်ဝန်းလုံးငြိမ်းချမ်းရေးရရှိရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံး ပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပနိုင်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ ဝမ်ဟိုင်းဒေသတွင် MPT အင်တာနက်လိုင်းများရရှိရေး၊ မူးယစ်ဆေးဝါး၊ အွန်လိုင်းလောင်းကစား၊ အွန်လိုင်းလိမ်လည်မှုများ၊ နယ်မြေကျော်လွန်ခြင်းကိစ္စများနှင့် စပ်လျဉ်း၍ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က SSPP မှ တင်ပြသည့် ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန် ညှိနှိုင်းပြီး မှတ်တမ်းအား လက်မှတ်ရေးထိုး အတည်ပြုကြသည်။

ယင်းနောက် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၃) စဝ်ဆေပိုင်ဖက ကျေးဇူးတင်စကား ပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်



# ဖလမ်းမြို့ ငစစ်ဗားရေအားလျှပ်စစ်စက်ရုံနှင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ရသည့် ရုံးနှင့်ဝန်ထမ်းအိမ်ရာများပြုပြင်ရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၇**

ဖလမ်းမြို့နှင့် အနီးရှိကျေးရွာများသို့ ၄၀၀ ကီလိုဝပ်ဓာတ်အား ပေးစက်နှစ်လုံးဖြင့် ဓာတ်အား ဖြန့်ဖြူးပေးခဲ့သည်။ ငစစ်ဗားရေအားလျှပ်စစ်စက်ရုံနှင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ရသည့် ရုံးနှင့် ဝန်ထမ်းအိမ်ရာများကို ပြန်လည်ပြုပြင်လျက်ရှိသည်။

ထိုသို့ ပြုပြင်နေမှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီး၊ ပျောက်ဆုံးသည့် စက်ပစ္စည်းနှင့် စက်ရုံပြန်လည်ပြုပြင်မည့်အခြေအနေကို စက်ရုံတာဝန်ရှိသူက တင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် ဖလမ်းမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးအဆောက်အအုံရှိ ပစ္စည်းများဆယ်တင်ဆောင်ရွက်နေမှု၊ ခရိုင်မီးသတ်ရုံးနှင့် ဝန်ထမ်းအိမ်ရာအမိုးလဲလှယ်ပြုပြင်နေမှု၊ ဖလမ်းခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနရုံး၊ ဖလမ်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ ဖလမ်းမြို့မရဲစခန်းနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနရုံးတို့ကို အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေးကော်မတီ၏ ရန်ပုံငွေအထောက်အပံ့ဖြင့် ပြန်လည်ပြုပြင်တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ သက်ဆိုင်ရာကုမ္ပဏီများက တာဝန်ရှိသူများအား သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေးနှင့် တည်ဆောက်ရေး စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိစေရေး မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ဝန်ဆောင်မှုလုပ်ငန်းများအား Digital ဝန်ဆောင်မှုစနစ်ဖြင့် ပြောင်းလဲဆောင်ရွက်သွားမည်

**နေပြည်တော် ဩဂုတ် ၇**

ပြည်ထောင်စု နယ်မြေ နေပြည်တော်ကို Smart City ဖြစ်စေရေးဆောင်ရွက်လျက်ရှိရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ဝန်ဆောင်မှုလုပ်ငန်းများအား Digital စနစ်ဖြင့် ပြောင်းလဲ ဆောင်ရွက်သွားမည်ဖြစ်သည်။

**Digital စနစ်ပြောင်းလဲ**

အဆိုပါ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ခြင်းဖြစ်ပြီး နေပြည်တော်ကောင်စီဝင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးဝင်းမိုးခိုင်က Digital စနစ်ပြောင်းလဲခြင်း၊ Online payment System အသုံးပြုခြင်းဖြင့် အချိန်ကုန်သက်သာခြင်း၊ ငွေပေးချေမှုနှင့် ငွေသားကိုင်တွယ်မှုလုံခြုံစိတ်ချရခြင်း၊ ဝင်ငွေစီမံခန့်ခွဲမှု တိကျမှန်ကန်ခြင်း၊ အဂတိလိုက်စားမှု အခွင့်အလမ်းများ လျှော့ချပေးခြင်းနှင့် ဌာန၏အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စီမံခန့်ခွဲနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့ပြင် e-Government နှင့် Digital ဝန်ဆောင်မှုစနစ်အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု၊ နောင်တွင် Digital စနစ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ Digital ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေး ကော်မတီတို့မှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှု



နေပြည်တော် ဩဂုတ် ၇

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ၂၂၅ သန်းဖြင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာနှင့် ရွှေမြို့ကျေးရွာ၌ တည်ဆောက်မည့် အရှည်ပေ ၉၅၀၊ အကျယ် ၁၃ ပေရှိ ဆင်သေချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ တင်ပြမှုများအပေါ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တပ်ကုန်းမြို့ ဗိုလ်မင်းရောင်ရပ်ကွက်ရှိ ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## တနိုင်းမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ မတည်ပေးမှုဖြင့် တန် ၂၀ ကျ အဆင့်မြှင့်ဆန်စက်နှင့်အတူ စပါးအခြောက်ခံစက်၊ လယ်ယာသုံးထွန်စက်နှင့် လယ်ယာသုံးစက်ကိရိယာ အပိုပစ္စည်းအရောင်းပြခန်းပါ တိုးတက်ဖွင့်လှစ်နိုင်ခဲ့

တနိုင်း ဩဂုတ် ၇

ကချင်ပြည်နယ် တနိုင်းခရိုင်(ဟူးကောင်းဒေသ) တနိုင်းမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ မတည်ပေးမှုဖြင့် တန် ၂၀ ကျ အဆင့်မြှင့်ဆန်စက်ကို ဖွင့်လှစ်နိုင်ခဲ့သည့်နည်းတူ ယခုအခါ စပါးအခြောက်ခံစက်၊ လယ်ယာသုံးထွန်စက်နှင့် လယ်ယာသုံး စက်ကိရိယာအပိုပစ္စည်း အရောင်းပြခန်းကိုပါ တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ စပါးအခြောက်ခံစက်ကို ကချင်ပြည်နယ်အစိုးရအဖွဲ့၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်သောကျေးရွာစီမံကိန်း ပြည်နယ်အဆင့် ကော်မတီကတနိုင်းဒေသစားရေရိက္ခာဖူလုံရေးအတွက် ရန်ပုံငွေဒုတိယနှစ်စက်ဝန်းမှ သမဝါယမလုပ်ငန်းဖြင့် ငွေကျပ်သိန်း ၅၀၀ မတည်ပေးမှုဖြင့် Royal Dokaly ကုမ္ပဏီ၏ ၁၅ တန်ကျ ဆန်စက်မှ တန် ၂၀ ကျ အဆင့်မြှင့်ဆန်စက်အဖြစ် အဆင့်မြှင့်တင်ပေးခဲ့ခြင်းဖြစ်ကာ ယခုအခါ တတိယနှစ်စက်ဝန်းမှ ချေးငွေကျပ် သိန်း ၁၀၀၀ ဖြင့် စပါးအခြောက်ခံစက်ပါ တိုးတက်ဆောင်ရွက်နိုင်ခြင်းဖြစ်ရာ အဆိုပါ စပါးအခြောက်ခံစက်ကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၏ ခရီးစဉ်အတွင်း ဩဂုတ် ၆ ရက် နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးများ၊ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် ကျော်ဖုန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့ပြင် အဆိုပါဆန်စက်လုပ်ငန်းအပြင် တနိုင်းဒေသ၌ လယ်ယာလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရေး ဆင်(မ်)ဆာ့ကောင်းရပ်ကွက်အတွင်း၌ လယ်ယာသုံးထွန်စက်နှင့် လယ်ယာသုံး အပိုပစ္စည်းအရောင်းပြခန်းတို့ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးကာ လယ်ယာသုံးအဆင့်မြှင့်ထွန်စက်များ၊ လက်တွန်းထွန်စက်များနှင့် အပိုပစ္စည်းများ ပြသထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တနိုင်းမြို့နယ် (၅)မိုင်အောင်စိုးမိုးကျေးရွာ၌လည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စတုတ္ထနှစ်စက်ဝန်းမှ ရင်းနှီးမတည်ငွေကျပ် သိန်း ၃၀၀ ဖြင့် မွေးမြူရေးလုပ်ငန်းတိုးချဲ့ဆောင်ရွက်ပေးထားသည့် အောင်ဒေသနွားမွေးမြူရေးလုပ်ငန်း၊ ဒေသနွားများအပြင် ဒေသကြက်များကို ခြံလှောင်စနစ်ဖြင့် စနစ်တကျ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုအားပေးပြီး မွေးမြူရေးအထောက်အကူပြုဆေးဝါးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ဘယ်လာရုစ်နိုင်ငံသို့ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့် ဘာသာစကားဆိုင်ရာ အချက်အလက်များဖလှယ်နိုင်စေရန် လေ့လာရေးခရီးစဉ်သွားရောက်ခဲ့သည့် ကျောင်းသူနှစ်ဦးအား ဂုဏ်ပြုကြိုဆို

မန္တလေး ဩဂုတ် ၇

ဘယ်လာရုစ်နိုင်ငံက မြန်မာ၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများမှ ထူးချွန် ကျောင်းသား ကျောင်းသူများအား ပညာရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့် ဘာသာစကားဆိုင်ရာ အချက်အလက်များ ဖလှယ်နိုင်ရန် လေ့လာရေးခရီးစဉ်ကို ဇူလိုင်၂၃ ရက်မှ ဩဂုတ် ၅ ရက်အထိ စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ပြန်လည်ရောက်ရှိလာသောကျောင်းသား ကျောင်းသူများကို ၎င်းတို့၏ ကျောင်းများ၌ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ဘယ်လာရုစ်နိုင်ငံ၏ ဖိတ်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီးမှ အသက် ၁၂ နှစ်မှ ၁၅ နှစ်အကြား ထူးချွန်ကျောင်းသား ကျောင်းသူ ၁၀ ဦးနှင့် မန္တလေးတိုင်းဒေသကြီးမှ ထူးချွန်ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့ကို အဆင့်ဆင့်ရွေးချယ်စေလွှတ်ခဲ့ခြင်းဖြစ်သည်။



ခရီးစဉ်တွင်ပါဝင်သည့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်မှ မပိုးအိမ်ခင် (Grade – 6)နှင့် မသော်တာထက် (Grade – 8)တို့ ဂုဏ်ပြုကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၈) နှင့် အမှတ်(၂၁) အခြေခံပညာ အထက်တန်းကျောင်းများ၌ကျင်းပခဲ့ပြီး ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများ၊ မိဘဆွေမျိုးများက ပန်းစည်းများပေးအပ်၍ ဂုဏ်ပြုကြကာ ကျောင်းသူများက ခရီးစဉ်တွင် ပါဝင်ခဲ့ကြသည့် အတွေ့အကြုံများကို မျှဝေပေးခဲ့ကြောင်း သိရသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

## ကယားပြည်နယ်အတွင်းရှိ ကျေးရွာ ၁၄ ရွာမှ မိုးစပါးနှင့် အစေ့ထုတ်ပြောင်း စိုက်ပျိုးသည့် တောင်သူ ၁၁၂ ဦးအား ငွေကျပ် ၃၀၆ သန်းနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးရာသီ သီးနှံစိုက်ပျိုးမည့် တောင်သူများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ် ၁၆၃၇ သန်းကို ထုတ်ချေးထားပြီးဖြစ်

လွိုင်ကော် ဩဂုတ် ၇

ကယားပြည်နယ် အတွင်းရှိကျေးရွာ ၁၄ ရွာမှ မိုးစပါးနှင့်အစေ့ထုတ်ပြောင်း စိုက်ပျိုးသည့်တောင်သူ ၁၁၂ ဦးအား ငွေကျပ် ၃၀၆ သန်းနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးရာသီ သီးနှံစိုက်ပျိုးမည့် တောင်သူများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ငွေကျပ် ၁၆၃၇ သန်းကို ထုတ်ချေးထားပြီးဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။



၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးရာသီ သီးနှံစိုက်ပျိုးမည့် တောင်သူများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့နယ် ခန်းမ၌ ပေးအပ်ခဲ့သည်။

ယမန်နေ့ကလည်း ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားသို့ တက်ရောက်မည့် ပြည်နယ်ကိုယ်စားပြု လူငယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးပြီး ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## သံလွင်မြစ်ရေ ဘားအံမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၇

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရသံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

ပညာရဲရင့် ပွဲလယ်တင့် ✤ ပညာရွှေအိုး လူမခိုး

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက မီဒီယာများ၏မေးမြန်းမှုများ ဖြေကြား

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်သမ္မတရုံး၏ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်။**

**မေး။ ။ ပထမဆုံးအနေနဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ ထိုင်းနိုင်ငံခရီးစဉ်မှာ အဓိက ဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေက ဘာတွေဖြစ်မယ်ဆိုတာ သိပါရစေ။**

**ဖြေ။** ။ နိုင်ငံတော်သမ္မတကြီးရဲ့ ထိုင်းခရီးစဉ်မှာ ထိုင်းနိုင်ငံဝန်ကြီးချုပ်နဲ့ တွေ့ခဲ့ပါတယ်။ ယာယီအမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့လည်း တွေ့ခဲ့ပါတယ်။ စီးပွားရေးဖိုရမ် တက်ရောက်ခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့လည်း သီးသန့်တွေ့ဆုံခဲ့ပါတယ်။ ဒါကတွေ့ဆုံတဲ့ သူတွေပါ။ နိုင်ငံတော်သမ္မတကြီးနဲ့ ထိုင်းဝန်ကြီးချုပ်တို့ တွေ့ဆုံတဲ့အချိန်မှာ နှစ်နိုင်ငံရှိရင်းစွဲ ချစ်ခင်ရင်းနှီးမှုနဲ့ယုံကြည်မှုကို မြှင့်တင်ဖို့ကိစ္စတွေ ဆွေးနွေးခဲ့ပါတယ်။ နောက်တစ်ခါ နှစ်နိုင်ငံကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ၊ နယ်စပ်ဒေသ ကုန်သွယ်ရေး၊ နယ်စပ်ဒေသလုံခြုံရေး၊ သယ်ယူပို့ဆောင်ရေး ကိစ္စတွေ ဒါတွေကိုလည်း သေချာဆွေးနွေးခဲ့ပါတယ်။ နယ်စပ်ဒေသမှာဖြစ်ပေါ်နေတဲ့ အွန်လိုင်းလောင်းကစားကိစ္စ၊ မူးယစ်ဆေးဝါးကိစ္စ၊ လူကုန်ကူးတာတွေ၊ နယ်စပ်ဖြတ်ကျော်မှုခင်းတွေ ဒီကိစ္စတွေကို ပူးပေါင်းပြီး အမြစ်ပြတ်အောင်တိုက်ဖျက်ဖို့ ကိစ္စတွေကို နှစ်ဖက်စလုံးက အလေးထားပြီးတော့ ဆွေးနွေးခဲ့ပါတယ်။

သမ္မတကြီး အလေးထားဆွေးနွေးခဲ့တာက Myanmar Migrant Worker တွေ ကိစ္စပါ။ ကျွန်မတို့နိုင်ငံက Migrant Worker လေးသန်းလောက်ရှိတယ်လို့ ဆိုပါတယ်၊ Migrant Worker တွေ တရားဝင်ရပ်တည်ခွင့်၊ သူတို့အတွက် လူမှုဘဝလုံခြုံစိတ်ချရမှုကိုလည်း အလေးထားပြီး ကူညီစောင့်ရှောက်ပေးဖို့၊ ဥပဒေဘောင်အတွင်းကနေ ရသင့်ရထိုက်တဲ့ အခွင့်အလမ်းတွေရဖို့အတွက် နိုင်ငံတော်သမ္မတကြီးက လွှတ်တော်ဥက္ကဋ္ဌနဲ့ တွေ့ဆုံရာမှာ၊ ဝန်ကြီးချုပ်နဲ့ တွေ့ဆုံရာမှာ အလေးထားပြီး ဆွေးနွေးခဲ့ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံနဲ့ အာဆီယံဆက်ဆံရေးအပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရှိနိုင်တယ်ဆိုတာလည်း သိပါရစေ။**

**ဖြေ။** ။ ထိုင်းနိုင်ငံကို ချစ်ကြည်ရေးခရီးသွားရောက်တဲ့နေရာမှာ ဝန်ကြီးချုပ်နဲ့တွေ့တယ်။ တွေ့တဲ့နေရာမှာ နှစ်နိုင်ငံကိစ္စတွေ ဆွေးနွေးပါတယ်။ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံဟာ နယ်နိမိတ်အားဖြင့် ကီလိုမီတာ ၂၄၀၀ ကျော် ထိစပ်နေပါတယ်။ တစ်နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ကိစ္စတွေဟာ တစ်နိုင်ငံကို အကျိုးသက်ရောက်မှုရှိပါတယ်။ နှစ်နိုင်ငံကြားမှာ ဖြေရှင်းရမယ့် အခက်အခဲတွေ၊ ပြဿနာတွေ ဒါတွေအားလုံးကို ပူးပေါင်းဖြေရှင်းမယ်ဆိုရင် ဒေသတွင်းမှာရှိတဲ့ အာဆီယံနိုင်ငံတွေကိုပါ အကျိုးသက်ရောက်မှုရှိပါတယ်။ ဒါကြောင့်မို့ ဒီခရီးစဉ်ဟာ ထိုင်းနဲ့ မြန်မာ နှစ်နိုင်ငံကြား ကိစ္စသာမဟုတ်ဘဲ အာဆီယံအတွက်ကိုလည်း အကျိုးသက်ရောက်မှုရှိတဲ့ ခရီးစဉ်လို့ ပြောလို့ရပါတယ်။

**မေး။ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားတွေအတွက် ဘယ်လိုမျှော်လင့်ချက်တွေရှိလာနိုင်မလဲဆိုတာ သိပါရစေ။**



**ဖြေ။** ။ ခုနက ကျွန်မပြောခဲ့သလို ထိုင်းမှာ မြန်မာလုပ်သား လေးသန်းခန့်ရှိတယ်လို့ ဆိုပါတယ်။ နိုင်ငံတော်သမ္မတကြီးကလည်း ဝန်ကြီးချုပ်နဲ့ တွေ့တဲ့နေရာမှာ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ တွေ့တဲ့နေရာမှာ မြန်မာနိုင်ငံက Migrant Worker တွေ ထိုင်းနိုင်ငံမှာ တရားဝင် ရပ်တည်ခွင့်ရဖို့အတွက် အစိုးရချင်း ညှိနှိုင်းဆွေးနွေးမှုတွေ လုပ်ပါတယ်။ နောက်တစ်ခုက အလုပ်သမားတွေကို ဥပဒေဘောင်အတွင်းကနေ တရားဝင်စောင့်ရှောက်ပေးဖို့အတွက် မေတ္တာရပ်ခံခဲ့တာကို ကျွန်မတို့ကြားခဲ့ရပါတယ်။

နောက်တစ်ခုက ထိုင်းမှာရောက်နေတဲ့ ကျွန်မတို့နိုင်ငံသားတွေ၊ သူတို့နဲ့ပတ်သက်ပြီး အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စ၊ အလုပ်သမားခန့်ထားရေးကိစ္စကိုလည်း MoU နှစ်ခု ထိုးခဲ့ပါတယ်။

**မေး။ ။ အာဆီယံအသိုက်အဝန်းအတွက် မြန်မာ - ထိုင်း ပူးပေါင်းဆောင်ရွက်မှုက ဘယ်လို အထောက်အကူဖြစ်စေပါသလဲရှင့်။**

**ဖြေ။** ။ တကယ်တော့ ဒီခရီးစဉ်က အာဆီယံအဖွဲ့ဝင် နိုင်ငံအနေနဲ့ အပြုသဘောဆောင်တဲ့ထိတွေ့ဆက်ဆံမှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေကို မြှင့်တင်လိုကြောင်းပြတဲ့ ခရီးစဉ်ပါ။ အာဆီယံထဲက လာအိုနိုင်ငံကို ပထမဆုံးအကြိမ်သွားရောက်ခဲ့တယ်။ အာဆီယံနိုင်ငံထဲမှာ ထိုင်းကတော့ ဒုတိယအကြိမ်ပါ။ နောက်ပိုင်းမှာလည်း အာဆီယံထဲက နိုင်ငံတွေကို သွားဖို့ အစီအစဉ်ရှိပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေနဲ့ In touch ဖြစ်ချင်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုတွေကို မြှင့်တင်ချင်ပါတယ်၊ နဂိုအတိုင်းပဲ ပူးပေါင်းဆောင်ရွက်ချင်ပါတယ်ဆိုတာကို ပြသတဲ့ ခရီးစဉ်ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်မတို့နိုင်ငံရဲ့ လက်ရှိအခြေအနေကို ဒေသတွင်းနိုင်ငံတွေက ပိုမိုနားလည်လာဖို့၊ အပြန်အလှန် ယုံကြည်လာဖို့ကို ပြသနိုင်တဲ့ အနေအထားဖြစ်ပါတယ်။

ထိုင်းနိုင်ငံက မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ချင်း ရှည်လျားစွာ ဆက်စပ်နေတယ်။ မြေပြင်၊ ရေပြင် ဆက်စပ်နေတယ်။ အဲဒီတော့ ကျွန်မတို့နိုင်ငံရဲ့ အခက်အခဲတွေ၊ ကြုံတွေ့နေရတဲ့၊ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို ထိုင်းနိုင်ငံက သိပါတယ်။ စိန်ခေါ်မှုတွေကို နားလည်ပါတယ်။ ထိုင်းနိုင်ငံအနေနဲ့ ကျွန်မတို့နိုင်ငံကို အာဆီယံအတွင်းမှာ နဂိုပုံမှန်အတိုင်း ပါဝင်ဖို့၊ လှုပ်ရှားဖို့အတွက်ကိုလည်း အပြည့်အဝထောက်ခံသွားမယ်၊ ကူညီသွားမယ်လို့ ဆိုပါတယ်။ ဒီခရီးစဉ်တွေဟာ အာဆီယံမှာ ပုံမှန်အတိုင်း ပြန်ပြီးပါဝင်လာဖို့၊ အာဆီယံအသိုက်အဝန်း တည်ဆောက်နိုင်ဖို့အတွက် အများကြီးအထောက်အကူပြုတဲ့ ခရီးစဉ်လို့ ဆိုနိုင်ပါတယ်။

**မေး။ ။ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ကိစ္စ၊ မြစ်ရေညစ်ညမ်းမှုကိစ္စတွေကို ဆွေးနွေးခဲ့တယ်လို့ သိရှိရတဲ့အတွက် ဆွေးနွေးခဲ့မှု အခြေအနေကို သိပါရစေ။**

**ဖြေ။** ။ အစည်းအဝေးမှာ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ကိစ္စကို ဆွေးနွေးခဲ့တယ်။ နောက်တစ်ခုက မြစ်ရေထဲမှာ Arsenic ပါဝင်မှု အချိုးအစား မြင့်တယ်၊ ထိုင်းပြည်သူတွေက စိုးရိမ်ပူပန်နေတယ်ဆိုတဲ့အချက်နဲ့ပတ်သက်ပြီး သမ္မတကြီးနဲ့ ထိုင်းနိုင်ငံဝန်ကြီးချုပ်နဲ့ ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးတာက အခုမှ မဟုတ်ပါဘူး။ ၂၀၂၅ ခုနှစ်ကတည်းက နှစ်နိုင်ငံပူးပေါင်းပြီး ဆောင်ရွက်နေတာပါ။ ရှမ်းပြည်နယ်အရှေ့ပိုင်းက နမ့်ခုတ်မြစ်၊ အဲဒီမြစ်က ကျွန်မတို့နိုင်ငံကနေ ထိုင်းနိုင်ငံကို စီးဝင်သွားတာဖြစ်ပါတယ်။ ဒီမြစ်ထဲမှာ Arsenic ပါဝင်မှုသည် ထိုင်းက သတ်မှတ်ထားတဲ့ သောက်ရေထဲမှာ ပါဝင်ရမယ့် သတ်မှတ်ချက်နှုန်းထက်မြင့်နေတယ်။ WHO က သတ်မှတ်တဲ့ နှုန်းထက် မြင့်နေတယ်၊ အဲဒါကို ထိုင်းပြည်သူတွေက စိုးရိမ်တယ်ဆိုပြီး သတင်းတွေထဲမှာ တွေ့ရပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ၂၀၂၅ ခုနှစ်ကတည်းကစပြီး နမ့်ခုတ်မြစ်ထဲမှာ ကျွန်မတို့ တိုင်းတာမှုတွေ ဆောင်ရွက်ခဲ့တယ်။ ၂၀၂၅ ခုနှစ် ဇူလိုင်လနဲ့ ဩဂုတ်လ ကလွဲလို့ ကျန်တဲ့လတွေ အကုန်လုံးသည် WHO ရဲ့ သတ်မှတ်ချက်ရော၊ ထိုင်းနိုင်ငံရဲ့ သတ်မှတ်ချက် 0.01 mg per liter အောက်မှာပဲ ရှိနေတာကို တွေ့ရပါတယ်။ ဇူလိုင်လနဲ့ ဩဂုတ်လမှာတော့ WHO ရဲ့ သတ်မှတ်ချက်ထက် အနည်းငယ်မြင့်နေတာကို တွေ့ရပါတယ်။ သို့သော်လည်း ကျွန်မတို့နိုင်ငံရဲ့ သတ်မှတ်ချက်က 0.05 ဖြစ်တဲ့အတွက် ကျွန်မတို့နိုင်ငံရဲ့ သတ်မှတ်ချက်ထက် မကျော်တာကို တွေ့ရပါတယ်။

ဒီကိစ္စကို ကျွန်မတို့ အလေးထားပြီး ဆွေးနွေးခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီး နယ်စပ်ဖြတ်ကျော် ရေအရည်အသွေး စီမံခန့်ခွဲမှုဆိုင်ရာ ပူးတွဲလုပ်ငန်းတွေကို ဆောင်ရွက်ဖို့ လုပ်ငန်းလမ်းညွှန်၊ ဒါနဲ့ ပတ်သက်ပြီး ကျွန်မတို့ဆီက ဝန်ကြီးဌာနနဲ့ ထိုင်းက ဝန်ကြီးဌာနနဲ့ ပူးတွဲပြီးတော့ MoU ထိုးခဲ့ပါတယ်။

**မေး။ ။ မြန်မာ - ထိုင်း နှစ်နိုင်ငံ စီးပွားရေးဖိုရမ် ကျင်းပမှုကနေ နှစ်နိုင်ငံအတွက် ဘယ်လို အကျိုးရလဒ်တွေ ရရှိခဲ့ပါသလဲ။**

**ဖြေ။** ။ ထိုင်းမှာ မြန်မာ-ထိုင်းစီးပွားရေးဖိုရမ် ၂၀၂၆ ဆိုပြီး ဖိုရမ်ကြီး ကျင်းပခဲ့ပါတယ်။ ဒီဖိုရမ်မှာ ကျွန်မတို့ မြန်မာနိုင်ငံက နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် တက်ရောက်ခဲ့ပါတယ်။ ထိုင်းနိုင်ငံက ဝန်ကြီးချုပ်လည်း တက်ရောက်ခဲ့ပါတယ်။ အဲဒီမှာ မြန်မာနဲ့ ထိုင်း စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ ၇၀၀ ကျော် တက်ရောက်ခဲ့ပါတယ်။ ဒီဆွေးနွေးပွဲမှာ ကျွန်မတို့နိုင်ငံမှာ ထိုင်းအနေနဲ့ ကုန်သွယ်မှုမြှင့်တင်ဖို့၊ ရင်းနှီးမြှုပ်နှံမှုတွေ မြှင့်တင်ဖို့အတွက် ဘယ်လိုအခွင့်အလမ်းတွေရှိတယ်၊ ဘယ်နယ်ပယ်တွေမှာ လာရောက်ရင်းနှီး မြှုပ်နှံနိုင်တယ်၊ ကျွန်မတို့ မြန်မာနိုင်ငံဘက်က ဘာတွေ ဆောင်ရွက်ပေးမယ် ဆိုတာတွေကို သမ္မတကြီးကိုယ်တိုင် ရှင်းပြခဲ့ပါတယ်။

ထိုင်းဝန်ကြီးချုပ်ကလည်း လက်ရှိကုန်သွယ်မှုပမာဏကနေ ၁၂ ဘီလီယံအထိ တိုးမြှင့်သွားအောင် ဆောင်ရွက်သွားမယ်ဆိုပြီးတော့ အခမ်းအနားမှာ ဆွေးနွေးခဲ့တာကို တွေ့ရပါတယ်။ ဒီဖိုရမ်မှာ အစိုးရနှစ်ဖက် ပါပါတယ်၊ပြီးတော့ စီးပွားရေးလုပ်ငန်းရှင်တွေ ပါပါတယ်၊ Government Sector ၊ Private Sector ပေါင်းစပ်ပေးတဲ့၊ ထိတွေ့ပေးတဲ့ ပလက်ဖောင်းတစ်ခုလို့လည်း ဆိုလို့ရပါတယ်။ ဒါ့အပြင် နှစ်ဖက်အစိုးရရဲ့ မူတွေ၊ လိုလားချက်တွေကို Private Sector က သိရှိနားလည်ပြီးတော့ ဘယ်လိုပါဝင်ပြီး ဆောင်ရွက်နိုင်မလဲဆိုတဲ့ အနေအထားတစ်ခုကို ဒီကနေအကျိုးကျေးဇူးရရှိခဲ့ပါတယ်။

ဆွေးနွေးခဲ့တဲ့ လုပ်ငန်းတွေကို အကောင်အထည်ဖော်နိုင်မယ်ဆိုရင် မြန်မာ - ထိုင်း နှစ်နိုင်ငံသာမကပါဘူး။ အာဆီယံဒေသတွင်းရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ အများကြီး အထောက်အကူပြုမှာဖြစ်ပါတယ်။

**မေး။ ။ ထိုင်းအမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ တွေ့ဆုံဖို့ နိုင်ငံတော်သမ္မတကြီး ထိုင်းလွှတ်တော်ကို ရောက်လာတဲ့အချိန်မှာ ထိုင်းလွှတ်တော် အမတ်တစ်ဦးက ဆန္ဒပြမှုဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ဘာများ ပြောချင်ပါသလဲ။**

**ဖြေ။** ။ ထိုင်းအမျိုးသားလွှတ်တော် ဥက္ကဋ္ဌနဲ့ တွေ့ဖို့ အတွက် သွားပါတယ်။ အဲဒီအချိန်မှာ အဲဒါကို မသိလိုက်ပါဘူး။ ကျွန်မလည်း ပါပါတယ်၊ ဒါပေမဲ့ သတင်းတွေ လိုင်းပေါ်မှာ တက်လာတာ တွေ့ရပါတယ်။ နောက်မှ ပြန်ကြည့်လိုက်တော့ ထိုင်းက လွှတ်တော်အမတ်တစ်ယောက် လွှတ်တော်အပြင်ဘက်မှာပါ၊ အထဲမှာမဟုတ်ပါဘူး၊ ဆန္ဒပြသွားတယ်ဆိုတဲ့ ပုံစံလေးကို ဗီဒီယိုထဲမှာ တွေ့လိုက်ရပါတယ်။

ဒါနဲ့ပတ်သက်ပြီး ပြောရရင် ထိုင်းနိုင်ငံက ဒီမိုကရေစီနိုင်ငံဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို အပြည့်အဝကျင့်သုံးတဲ့၊ လိုက်နာတဲ့နိုင်ငံဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရကလည်း လွှတ်တော်အမတ်တွေ၊ ပြည်သူပြည်သားတွေ အားလုံးသည် သူတို့ရဲ့ ဆန္ဒတွေကို လွတ်လပ်စွာ ဖော်ထုတ်ပိုင်ခွင့်ရှိပါတယ်။ ကျွန်မလည်း ဒီဗီဒီယိုလေးကြည့်လိုက်ရပါတယ်။ ဒီဟာက သူရဲ့ဆန္ဒကို လွတ်လပ်စွာ ဖော်ထုတ်တယ်လို့ပဲ မှတ်ယူပါတယ်။ အဲဒီမှာ တွေ့လည်း တွေ့ကြမှာပါ။ ကြိုနေတဲ့သူတွေ အများကြီးပါ။ ဆန္ဒပြတဲ့သူက တစ်ယောက်တည်းသာဖြစ်ပါတယ်။ အများက လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာ ကြိုဆိုနေကြသလို မနှစ်သက်တဲ့သူကလည်း သူရဲ့သဘောဆန္ဒကို ဖော်ထုတ်တယ်လို့ပဲ မှတ်ယူပါတယ်။

**သတင်းအဖွဲ့**

---

❂ **MNL မှ**

အနိုင်ရရှိကာ ထိပ်ဆုံးမှ အား/ကာသိပွဲကို ဆက်လက် ဖိအားပေးလျက်ရှိသည်။ ရန်ကုန်ယူနိုက်တက်အသင်း အတွက် အနိုင်ဂိုးကို ၉၀+၄ မိနစ်တွင် ထူးဝဏ္ဏက သွင်းယူသည်။ ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက Chinland အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ရတနာပုံအသင်းသည် ဇယားအောက်ဆုံးမှ Chinland အသင်းကို နောက်ကျဂိုးဖြင့် အနိုင်ယူကာ အမှတ်ပြည့်ရယူခဲ့သည်။ ရတနာပုံအသင်း အတွက် အနိုင်ဂိုးကို ၉၀+၄ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် Sa Htunt Awar က သွင်းယူခဲ့သည်။ သန်လျင်သီဟဒီပ ကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန် အသင်းက မြဝတီအသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။ အမှတ်ပေးဇယား တတိယနေရာတွင် ရပ်တည်နေသည့် သစ္စာအားမာန်အသင်းသည် ဇယား အောက်ပိုင်းမှ မြဝတီကို မိနစ် ၇၀ နောက်ပိုင်း သွင်းယူသည့်ဂိုးများဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ သစ္စာအားမာန် အသင်းအတွက် အနိုင်ဂိုးများကို ၇၈ မိနစ် တွင် ဝင်းခန့်ပိုင်ဖြိုး၊ ၈၈ မိနစ်တွင် ဟိန်းထက်ဇော်၊ မိနစ် ၉၀ တွင် ဟိန်းလင်းဇော်တို့က သွင်းယူသည်။ ပွဲစဉ် ၁၂ ဒုတိယနေ့ကို ဩဂုတ် ၈ ရက် တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သီဟဒီပကွင်း၌ အား/ကာသိပွဲအသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MNL**
■

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် နည်းပညာတက္ကသိုလ်(မကွေး) သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၇

နည်းပညာတက္ကသိုလ် (မကွေး) တက္ကသိုလ်အဝင်လမ်း ပြင်ဆင်ဆောင်ရွက်နေမှု၊ တက္ကသိုလ်အတွင်း အခြေခံအဆောက်အအုံတည်ရှိနေမှုအပေါ်မူတည်၍ တိုးချဲ့ဖွင့်လှစ်နိုင်မည့် အခြေအနေ၊ မြေနေရာ ရရှိနိုင်မှု၊ တက္ကသိုလ်စာကြည့်တိုက်နှင့် Recreation Centre တည်ဆောက်နိုင်မည့် အခြေအနေတို့ကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့်အတူ ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**တွေ့ဆုံဆွေးနွေး**

ထို့ပြင် အစိုးရနည်းပညာအထက်တန်းကျောင်း (မကွေး) နှင့် ကွန်ပျူတာတက္ကသိုလ် (မကွေး) တို့ရှိ စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ အလုပ်ရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆိုပါ တက္ကသိုလ်များရှိ တာဝန်ခံများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ယနေ့တွင် အစိုးရစက်မှုလက်မှုသိပ္ပံ(မကွေး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ရေနံချောင်း) နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း)တို့ရှိ စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ အလုပ်ရုံ၊ စာကြည့်တိုက်၊ ဘောလုံးကွင်း၊ ကျောင်းသား ကျောင်းသူများ၏ ဘာသာရပ် နယ်ပယ်အလိုက် လက်တွေ့ ဆောင်ရွက်နေမှုနှင့် ပရောဂျက်များ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လေးမျက်နှာမြို့နယ်၌ စားအုန်းဆီဝယ်ယူခွင့်စာအုပ်ဖြင့် စားအုန်းဆီဖြန့်ဖြူးရောင်းချပေး

လေးမျက်နှာ ဩဂုတ် ၇

ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ခမောက်စုကျေးရွာအုပ်စုအတွင်းရှိ လဟာကြီးကျေးရွာ၊ ဝါးရုံချောင်းကျေးရွာ၊ ပိန်းအင်းကျေးရွာ၊ ခမောက်စုကျေးရွာတို့မှ အိမ်ထောင်စု ၃၂၀၄ စုတို့အား စားအုံးဆီဝယ်ယူခွင့် စာအုပ်များဖြင့် စားအုံးဆီဖြန့်ဖြူးရောင်းချခြင်းကို ယနေ့မွန်းလွဲပိုင်းက ခမောက်စုကျေးရွာရှိ ဝမ်းကုန်စုံဆိုင်၌ ဆောင်ရွက်သည်။

ထိုသို့ရောင်းချခြင်းကို စားသုံးသူရေးရာဦးစီးဌာန ဟင်္သာခရိုင်ဦးစီးမှူး ဦးဇော်မင်း ဦးဆောင်၍ မြို့နယ်တာဝန်ခံ ဦးအောင်သန်းဌေး၊ ဧရာဝတီတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ ဦးမင်းမင်းထွန်း၊ ခမောက်စုကျေးရွာမှ ရပ်မိရပ်ဖများ၊ သက်ဆိုင်ရာကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့်အတူ စားအုန်းဆီတစ်ပိဿာလျှင် ကျပ် ၈၀၀၀ နှုန်းဖြင့် ပြည်သူများလက်ဝယ်အရောက် စနစ်တကျဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**မိုးဟိန်းထက်**



# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဩဂုတ် ၇

အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် ဥပဒေစိုးမိုးရေးကိစ္စတစ်ရပ်သာမက နိုင်ငံတည်ဆောက်ရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်မျိုးဆက်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သည့် အမျိုးသားရေးတာဝန်တစ်ရပ်လည်းဖြစ်ကြောင်း စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယနေ့ကျင်းပသည့် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းကျင်းပသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲတွင် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာမျှဝေခြင်း၊ အတွေ့အကြုံဖလှယ်ခြင်းနှင့် ဥပဒေဆိုင်ရာ သိမြင်နားလည်မှုများ တိုးမြှင့်ပေးခြင်းသည် ဝန်ထမ်းများ၏ ကျင့်ဝတ်စံနှုန်းမြင့်မားလာစေရေး၊ တာဝန်ယူမှုနှင့် တာဝန်ခံမှု ပိုမို ခိုင်မာလာစေရေးအတွက် များစွာအကျိုးရှိမည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့အခမ်းအနားမှ ရရှိသည့်အသိပညာ၊ အတွေ့အကြုံများကို လက်တွေ့အသုံးချပြီး မိမိတို့ အဖွဲ့အစည်းအတွင်း ပြန်လည်မျှဝေရန်နှင့် အဂတိလိုက်စားမှုကင်းရှင်းသော ဝန်ကြီးဌာန၊ ပြည်သူယုံကြည် အားထားရသောအဖွဲ့အစည်းနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တစ်ရပ် တည်ဆောက်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**တိုက်တွန်းပြောကြား**

အလားတူ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက် လာစေရန်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့ပြင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး ညွှန်ကြားရေးမှူးများက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဦးလွန်းဘော် ဦးဆောင်၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များနှင့် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့ တွေ့ဆုံပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံ၊ အားသာချက် အားနည်းချက်များကို သုံးသပ်ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းဘူး(စကု)မြို့နယ်၌ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

မင်းဘူး ဩဂုတ် ၇

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဒေသတွင်းမွေးမြူရေးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စု နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေဖြင့် အသားတိုးဝက်မွေးမြူရေးခြံလုပ်ငန်းနှင့် မြစိမ်းရောင် (အသားကဏ္ဍ) ဒေသနွားမွေးမြူရေးရန်ပုံငွေမှ ချေးငွေဖြင့် နွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို မင်းဘူးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဩဂုတ် ၅ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထိုသို့စစ်ဆေးရာတွင် မင်းဘူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်နှင့်အတူ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသတွင်း မွေးမြူရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ပြည်ထောင်စု နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေကျပ်သန်း ၇၀ ရယူ၍ ဆောင်ရွက်ထားသော မင်းဘူးမြို့ အမှတ်(၄) ရပ်ကွက် မကျီးချောင်းရပ်မှ အသားတိုးဝက်မွေးမြူရေးခြံလုပ်ငန်းပိုင်ရှင် ဦးမျိုးသူရဆွေအောင်၏ ခြံအတွင်း ဝက်အကောင်ရေ ၂၇၀ စနစ်တကျ မွေးမြူထားရှိမှုနှင့် မယ်ဘော့ကုန်းကျေးရွာ၌ မြစိမ်းရောင် (အသားကဏ္ဍ) ဒေသနွားမွေးမြူရေးရန်ပုံငွေမှ ချေးငွေရယူ၍ နွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၆၇ ဦးအား တစ်ဦးလျှင် ငွေကျပ်ခြောက်သိန်းနှုန်းဖြင့် ချေးငွေစုစုပေါင်း ငွေကျပ် ၄၀၂ သိန်းနှင့် ဒေသနွားများ မွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



# မြဝတီမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ




မြဝတီ ဩဂုတ် ၇

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ ကျင်းပရာ မြို့နယ်ပညာရေးမှူးဦးမိုးကျော်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် မြဝတီခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်ဆောင်းနှင်းဖြူက ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်၍ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၇

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရန်အောင်မြင်ကြိုးဝိုင်းမြတ်မင်္ဂလာလမ်းဘေး၌ ကျင်းပပြီး သစ်မျိုး ၁၀ မျိုး အပင်ပေါင်း ၁၅၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။




သစ်ပင်စိုက်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေး၊ ဂေဟစနစ်ကောင်းမွန်မျှတစေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးနှင့် ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် ပြည်သူများအကြား သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းရေးဆိုင်ရာ အသိအမြင်များ နိုးကြားလာစေရန်အတွက် သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားပြီး ကံ့ကော်ပင်ကို ဦးဆောင်စိုက်ပျိုးပေးကာ တက်ရောက်လာသူများက သတ်မှတ်နေရာများတွင် ပျိုးပင်များ စိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ဒုတိယဝန်ကြီး ဦးခင်လတ်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်တို့နှင့်အတူ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံ သတ္တုလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ အသင်းဝင်များ တက်ရောက်၍ ပျိုးပင်များ စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ဆောင်ရွက်ပေး

နေပြည်တော် ဩဂုတ် ၇

ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အုတ်တွင်းမြို့နယ် ဦးစီးမှူးရုံး၌ ဝန်ထမ်းများက ဒေသခံ ပြည်သူများအား အိမ်ထောင်စု လူဦးရေစာရင်း ပြောင်းဝင်/ ပြောင်းထွက်နှင့် မွေးဖွားမှု၊ သေဆုံးမှုတို့အတွက် လူဦးရေ အတိုး/အလျော့လုပ်ငန်းစဉ်များ၊ အသက်(၁၈)နှစ်ပြည့်ပြီးအကြောင်း အမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသူများ၊ နိုင်ငံသားစိစစ်ရေးကတ်ပျက်စီး/ ပျောက်ဆုံးသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကောက်ယူမှုတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးနေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် မြို့နယ်ရုံးမှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှုကိုလည်း ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့အတူ တောင်ငူမြို့ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းတွင် အသက်(၁၀)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်ကျန်းမာရေး ဝန်ထမ်းများက သွေးအမျိုးအစား စစ်ဆေးဆောင်ရွက်ပေးနေမှု၊ မြို့နယ်အဆင့်ငါးဦးကော်မတီ အဖွဲ့ဝင်များက လုပ်ငန်းဆိုင်ရာ စိစစ်ဆောင်ရွက်နေမှု၊ တောင်ငူမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးရေးလုပ်ငန်းစဉ် အဆင့်ဆင့်နှင့် နိုင်ငံသားစိစစ်ရေးကတ် ရှိပြီးသူများအား e-ID စနစ်ဖြင့် UID ကတ်ကောက်ယူဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး နေ့ချင်းပြီး ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်တို့ကို ကာယကံရှင် ကျောင်းသား ကျောင်းသူတစ်ဦးချင်းထံပေးအပ်ကာ မြို့နယ်ရုံးဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ၊ ကျောင်းသူများအတွက် အာဟာရမုန့်များ ဝေငှပေးအပ်သည်။

အဆိုပါ ခရီးစဉ်အတွင်း တောင်ငူမြို့ ညှော့ရိပ်သာခန်းမ၌ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်အတွင်းရှိ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဘိုမြို့ ကိုးပင်ရေလှောင်တမံ ရေပိုလွှဲမြေထိန်းနံရံ ကျိုးပေါက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၇

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့မြောက်ဘက် ရှစ်မိုင်ခန့်အကွာရှိ ကိုးပင်ရေလှောင်တမံ၏ ရေပိုလွှဲမြေထိန်းနံရံများအတွင်းရှိ မြေများကို ရေလှိုက်စားကာ မြေထိန်းနံရံကျိုးပေါက်ပြီး ရေကြီးရေလျှံမှုမရှိစေရေးအတွက် ဩဂုတ် ၆ ရက် မွန်းလွဲပိုင်းမှစတင်၍ ရွှေဘိုတပ်နယ်မှတာဝန်ရှိသူများ၊ အရာရှိ စစ်သည်များဖြင့် မြေထိန်းနံရံအတွင်းသို့ အားဖြည့်သဲအိတ်များနှင့် မြေစာအိတ်များ ဖြည့်တင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





## ဒုတိယဝန်ကြီး ဦးရဲတင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြန်ကြားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၇

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၊ ဘိုကလေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များ၊ ဘိုကလေးမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၊ ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးတို့သို့ ရောက်ရှိပြီး ရုံးလုပ်ငန်းဆိုင်ရာများ ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားသည်။

ယနေ့တွင် မော်လမြိုင်ကျွန်းမြို့နယ်နှင့် ဝါးခယ်မမြို့နယ်၊ မြောင်းမြခရိုင်နှင့် ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများနှင့် ပုသိမ်မြို့ထပ်ဆင့်လွှင့်စက်ရုံတို့အား ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းရေးရာကိစ္စများနှင့် ရုံးလုပ်ငန်းဆိုင်ရာများ မှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များကို ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **၂၀၂၆ ခုနှစ်မှ**

အခွန်ဝန်ကြီးဌာနအသင်းက ဟိုတယ်ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး-နှစ်ဂိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအသင်းကို သုံးဂိုး-ဂိုးမရှိ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းကို ကိုးဂိုး-ဂိုးမရှိ၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအသင်းတို့က တစ်ဖက်သုံးဂိုးစီ သရေရလဒ်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

**ကြည့်ရှုအားပေးနိုင်**

ဩဂုတ် ၈ ရက် ဖူဆယ်ပြိုင်ပွဲ ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစားဝါသနာရှင်မိဘပြည်သူများအနေဖြင့် မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်သည့် စက်လှေများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က လိုအပ်သည့်စက်သုံးဆီများ အခမဲ့ဖြန့်ဝေ

ပုသိမ် ဩဂုတ် ၇

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး လေးမျက်နှာမြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာများတွင် ရေကျော်စီးဝင်ခဲ့ရာ ရေဘေးသင့်ဒေသများ၌ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်သည့် စက်လှေများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က လိုအပ်သည့်စက်သုံးဆီများကို အခမဲ့ဖြန့်ဝေဆောင်ရွက်လျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခြင်းဖြစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေပြန်လည်ကျဆင်းချိန်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်၍ ထောက်ပံ့ရေးပစ္စည်းများကို အနီးစပ်ဆုံးနေရာသို့ ကြိုတင်ပို့ဆောင်ထားရန်၊ ရေပြန်လည်ကျဆင်းချိန်တွင် ကျောင်း၊ ဆေးရုံများ အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် မှာကြားသည်။

အစည်းအဝေးတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းကော်မတီများမှ အတွင်းရေးမှူးများက လေးမျက်နှာမြို့နယ် ငဝန်တာ(၂၅/၃)တွင် Steel Sheet Pile ရိုက်သွင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ရေပြန်လည်ကျဆင်းပါက ရေတွင်း၊ ရေကန်၊ စက်ရေတွင်းများ ဆေးကြော သန့်စင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန် စုဖွဲ့မှု၊ ကျန်းမာရေး အသိပညာပေးဟောပြောခြင်း၊ ဝမ်းပျက်ဝမ်းလျှောမဖြစ်ပွားရေးနှင့် သောက်သုံးရေသန့်ရှင်းရေး ရေသန့်ဆေးပြားများ စုဆောင်းထားရှိမှု၊ ဆက်သွယ်ရေးစနစ်မပြတ်တောက်စေရေးဆောင်ရွက်ထားရှိမှု၊ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်၊ စာရေးကိရိယာပစ္စည်းများ အနီးဆုံးနေရာများသို့ ကြိုတင်ပို့ဆောင်ထားရှိမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့ပြင် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနက ရေရှောင်စခန်းများမှ ကိုယ်ဝန်ဆောင်မိခင်နှင့် မသန်စွမ်းများအတွက် ထောက်ပံ့ငွေ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ရုံးဝန်ထမ်းမိသားစုများ လှူဒါန်းသည့် ပထမအကြိမ်ဆန်အိတ် ၂၀၀၊ စေတနာရှင်ပြည်သူများလှူဒါန်းသည့် အလှူငွေ၊ မြန်မာနိုင်ငံဂီတအစည်းအရုံးကိုယ်စား ရန်ကုန်တိုင်းဒေသကြီးဂီတအစည်းအရုံးမှ အလှူငွေနှင့် Oxygen Concentrator၊ Flow Meter များပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ် ငဝန်တာကျိုးပေါက်မှုနှင့် ဆက်စပ်ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းပွဲအခမ်းအနား ကျင်းပမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ် ငဝန်တာကျိုးပေါက်မှုနှင့် ဆက်စပ်ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများကို အခမ်းအနားဖြင့် လက်ခံမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါအလှူငွေနှင့် အလှူပစ္စည်းများလှူဒါန်းပွဲအခမ်းအနားကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အလှူရှင်များအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်များ**

(၁) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ

(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်၊ ဖုန်းအမှတ်များ (၀၉၂၀၂၁၄၉၁၊ ၀၉၂၅၄၁၇၀၀၁၁၊ ၀၉၄၃၀၅၄၈၄၄၊ ၀၉၄၂၀၇၀၃၆၄၇)

(၃) ဗဟိုသိုလှောင်ရုံ(ရန်ကုန်)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့၊ ဖုန်းအမှတ်များ (၀၉၂၅၀၁၂၃၈၈၅၊ ၀၉၄၂၀၇၄၀၁၆၀)

(၄) ဗဟိုသိုလှောင်ရုံ(မန္တလေး)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၆၅လမ်း၊ ၃၄လမ်းနှင့်၃၅လမ်းကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်းအမှတ်များ(၀၉၄၂၀၇၀၈၈၂၇၊ ၀၉၂၅၆၀၆၁၁၉၆)

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## ငဝန်တာ တာမိုင်(၂၅/၃) တွင် တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့မှုကို ရေတိုက်စားမှုကာကွယ်ခြင်းနှင့် ရေနက်ရေစီးကြောင်း ပိတ်ဆို့နိုင်ရေးလုပ်ငန်းကို စက်အား၊ လူအားဖြင့် ဆောင်ရွက်နေ

နေပြည်တော် ဩဂုတ် ၈

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်ရှိ ငဝန်တာ တာမိုင်(၂၅/၃)တွင် တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့ရာ ရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်းနှင့် ရေနက်ရေစီးကြောင်းပိတ်ဆို့နိုင်ရေးလုပ်ငန်းများကို သောင်တူးအထောက်အကူပြု ရေယာဉ် နှစ်စင်း၊ Steel Sheet Pile ရိုက်သည့် ရွှေစင်ကြယ်(၃) စက်ရေယာဉ်၊ Steel Sheet Pile ပစ္စည်းများ သယ်ယူလာသည့် ရွှေစင်ကြယ်(၅) စက်ရေယာဉ်၊ Geo Bag များချသည့် ဒဂုန်စာမရီ ရေယာဉ်၊ မြဟန်တိုး သဲလှေ



အပါအဝင် သံစုပ်စက်လှေ ၁၄ စင်း၊ ပန်းတာလက်ဝဲ/လက်ယာ ရေတိုက်စားမှု ကာကွယ်ရန် တုတ်တန်းရိုက် သဲအိတ်ချခြင်းအတွက် လူအင်အား ၃၅၈ ဦး တို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုကိုစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ကြီးကြပ်စီမံဆောင်ရွက်လျက်ရှိသည်။

ထိုရေတိုက်စားမှု လျော့ကျစေရန် Geo Bag (ကမ်းပြိုကာကွယ်ရေးသုံးပိတ်စအိတ်များ)ချခြင်း၊ Geo Bag ဖြင့် ရေလွှဲရေကာပြုလုပ်ခြင်း၊ တာတမံရေထိမျက်နှာပြင် လျှောစောက်အား Geo Textile အစများ၊ Geo Bag များဖြင့် ကာကွယ်ခြင်းတို့အပြင် ရေနက်ရေစီးလမ်းကြောင်းအား ဆက်လက်ပိတ်ဆို့နိုင်ရေးအတွက် သဲအပြည့်ဖြည့်ထားသော Geo Bag အိတ်ကြီးများနှင့် သဲအိတ်များကို နိုင်လွန်ပိုက်ကြိုးဖြင့်စုစည်း၍ ရေယာဉ်များ၊ သံစုပ်သင်္ဘောများဖြင့် နေရာချခြင်းဖြင့်လည်းကောင်း၊ ရေစီးလမ်းကြောင်း တားဆီးနိုင်ရေး Steel Sheet Pile ရိုက်ခြင်းဖြင့်လည်းကောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်အဖွဲ့ဝင်များနှင့်အတူ ပေါင်းစပ်ညှိနှိုင်းပြီး အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဆောက်လုပ်ရေးပစ္စည်းများ၊ Geo Bag များ ဆက်လက်စုဆောင်းပြီး ရေစီးကြောင်းအား အမြန်ဆုံးပိတ်ဆို့နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## လေးမျက်နှာမြို့နယ်၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့ရှိ ကျေးရွာများ၌ ရေဝင်ရောက်မှုဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၇

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်တာ၏ အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ခြင်းကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၈၃ ရွာ၊ ဟင်္သာတမြို့နယ် ၃၃ ရွာ၊ ရေကြည်မြို့ပေါ်ရပ်ကွက် တစ်ခု၊ ပတ်ဝန်းကျင်ကျေးရွာ ၁၀ ရွာနှင့် ကျုံပျော်မြို့နယ် လေးရွာ စုစုပေါင်း မြို့ပေါ်ရပ်ကွက် ခြောက်ခုနှင့် ကျေးရွာ ၁၃၀ သို့ ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

ထိုသို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ရေဘေးကယ်ဆယ်ရေးစခန်းများကို လေးမျက်နှာမြို့နယ်တွင် ၁၃ ခု၊ ဟင်္သာတမြို့နယ်တွင် လေးခု၊ ရေကြည်မြို့နယ်တွင် ခြောက်ခုနှင့် ကျုံပျော်မြို့တွင် တစ်ခု ဖွင့်လှစ်ကာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများစုပေါင်း၍ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များ ဆောင်ရွက်ပေးလျက်ရှိပြီး မြစ်ရေတိုက်စားပြိုကျမှုမှ ကာကွယ်ရန် တာခြေထောက်ခြင်းအဖြစ် ကမ်းထိန်းအိတ်များချခြင်း၊ ရေရှိန်တားပြုလုပ်ခြင်း၊



ရေကာတာ တာပေါင်မြေဖို့ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုင်းတုံမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ၁၅၆ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ


**နေပြည်တော် ဩဂုတ် ၇**

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ထိခိုက်ပျက်စီးစေပြီး အများပြည်သူအကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ လုံးဝပြန်လည် အခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေနှိမ်နင်းလျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်း မရှိစေရန်နှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် စုံစမ်းရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၇ နာရီခန့်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကတ်ဖကျေးရွာအုပ်စု နောင်လေကျေးရွာ နောင်လေငါးကန် စားသောက်ဆိုင်အနီးရှိ ခြံဝင်းအတွင်း၌ အဆောက်အအုံ ခြောက်လုံး ဆောက်လုပ်၍ တရားမဝင် အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများ လုပ်ကိုင်နေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားချက်အရ သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ တရုတ်နိုင်ငံသား အမျိုးသား ၁၄၀၊ အမျိုးသမီး လေးဦး၊ လာအိုနိုင်ငံသားအမျိုးသမီးတစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ရှစ်ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း အမျိုးသား ၁၄၈ ဦး၊ အမျိုးသမီး ရှစ်ဦး ပေါင်း ၁၅၆ ဦး တို့အား ဖုန်းမျိုးစုံ ၆၅၈ လုံး၊ All In One ကွန်ပျူတာ ၁၃၄ လုံး၊ Laptop ၂၈ လုံး၊ WIFI ROUTER စက် သုံးလုံး၊ STAR LINK GAN-3 ၁၃ လုံး၊ CPU ၁၅ လုံး၊ UPS ငါးလုံး၊ မီးစက်(120 KV)တစ်လုံး၊ မီးစက်(155KV) တစ်လုံး၊ ရေခဲသေတ္တာ တစ်လုံး၊ Freezar တစ်လုံး တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့်မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




ကျိုင်းတုံမြို့နယ်အတွင်း တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ ၁၅၆ ဦးအား လုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ။



ကျိုင်းတုံမြို့ ကတ်ဖကျေးရွာအုပ်စု နောင်လေကျေးရွာအနီး၌ တရားမဝင် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁၄၀ နှင့် အမျိုးသမီး လေးဦးအား ဖမ်းဆီးရမိမှု။







ကျိုင်းတုံမြို့ ကတ်ဖကျေးရွာအုပ်စု နောင်လေကျေးရွာအနီး၌ တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။

# မုတ်သုံလေ အားကောင်းနေခြင်းကြောင့် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၇**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၁၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# မြောက်ဥက္ကလာပမြို့နယ်၌ ဥက္ကာရောင်းဝယ်ရေး သမဝါယမအသင်း နှစ်ပတ်လည် စည်းဝေး

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ သမဝါယမအသင်းများမှ ဥက္ကာရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်နေ့ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ယမန်နေ့က မြို့နယ်အသင်းစုရုံး၌ ပြုလုပ်သည်။

ဦးစွာ မြောက်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သီတာမွန်က ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ အသင်းမှ အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းစာရင်းစစ် ဒေါ်စုမြတ်ဇာခြည်က ဖတ်ကြားတင်ပြပြီး အသင်းသားများ၏ အတည်ပြုချက်များ ရခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ အသင်းသား ၁၄ ဦး တက်ရောက်ပြီး အစုပေါ်အမြတ်နှင့် အသင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအားဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ငွေစု၊ ငွေချေးသမဝါယမအသင်းအမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲကျင်းပ



မုံရွာ ဩဂုတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက် တိုင်းငွေစု၊ ငွေချေး သမဝါယမအသင်း၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မူမူဝင်း တက်ရောက်ခဲ့ပြီး မြို့နယ်ဖွဲ့စည်းရေး ကော်မတီဥက္ကဋ္ဌက သမဝါယမအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အသင်း၏ အမှုဆောင်ဒါရိုက်တာ ငါးဦးနှင့် အသင်းစာရင်းစစ် နှစ်ဦးတို့အား တက်ရောက်လာသော အသင်းသားများ၏ အဆိုပြု ထောက်ခံချက်များအတိုင်း ရွေးချယ်အတည်ပြုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

## မိတ္ထီလာမြို့နယ်၌ မိုးစပါးစိုက်တောင်သူများအား မျိုးနှင့်သွင်းအားစုပေးအပ်

မိတ္ထီလာ ဩဂုတ် ၇

မိတ္ထီလာမြို့နယ် ရေဝေကျေးရွာ မြာရေဝေစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ မိုးစပါးစိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်နေသော အသင်းသားတောင်သူ ၄၇ ဦး၏ စိုက်ဧကစုစုပေါင်း ဧက ၁၀၀ အတွက် တစ်ဦးလျှင်တန်ဖိုးငွေကျပ် ၂၆၈၅၀၀ နှင့်ညီမျှသော မျိုးနှင့် သွင်းအားစုများပေးအပ်ပွဲကို ယမန်နေ့ကကျင်းပရာ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်လွင်က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားပြီး မိုးစပါးစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေသော အသင်းသားတောင်သူများထံသို့ မျိုးနှင့် သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**





## မှော်ဘီမြို့နယ်၌ တန်ဖိုးမျှတအာဟာရပြည့်ဝ ဟင်းချက်ပြိုင်ပွဲ ကျင်းပ

မှော်ဘီ ဩဂုတ် ၇

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ မှော်ဘီမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော တန်ဖိုးမျှတ အာဟာရပြည့်ဝဟင်းချက်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။

ဦးစွာ မှော်ဘီမြို့နယ် ပညာရေးမှူးဆရာမကြီး ဒေါ်တင်တင်သန်းက အမှတ်ပေးစည်းမျဉ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲသို့ မှော်ဘီမြို့နယ် အထက(၁)နှင့် အထက(၂)၊ အထက(ညောင်နှစ်ပင်) နှင့် အထက(သန္ဓေပင်)ကျောင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **ကောင်းမြတ်သူ(မှော်ဘီ)**

## နောင်ချိုမြို့နယ်အတွင်း မွေးမြူရေးခြံလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မည့် စီမံကိန်းဧရိယာများသို့ ကွင်းဆင်းစစ်ဆေး

နောင်ချို ဩဂုတ် ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့နယ်အတွင်း ဥစားကြက်မွေးမြူရေးလုပ်ငန်းနှင့် အသားတိုးဝက်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မည့် စီမံကိန်းဧရိယာများသို့ တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်းစစ်ဆေးသည်။

ကျောက်မဲခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်ဝင်းသည် ကျောက်မဲခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်တာဝန်ခံ ဦးစိန်မောင်ဌေးနှင့် နောင်ချိုမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်လွင်တို့က ဆင်လမ်းစုကျေးရွာရှိ ရွှေကောင်းကင်မွေးမြူရေးကုမ္ပဏီ၏ ဥစားကြက် ၇၀၅၀၀ မွေးမြူထားရှိသော ခေတ်မီဥစားကြက်မွေးမြူရေးခြံ၊ ဥစားကြက် ၁၂၀၀၀၀ တိုးချဲ့မွေးမြူရေးဆောင်ရွက်မည့် စီမံကိန်းမြေနေရာနှင့် အသားတိုးဝက် ၄၀၀ တိုးချဲ့မွေးမြူရေးဆောင်ရွက်မည့်စီမံကိန်းမြေနေရာများသို့ ကွင်းဆင်းစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**



## Clean Hpa-an စေတနာ့ဝန်ထမ်းလူငယ်များ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

ဘားအံ ဩဂုတ် ၇

ကရင်ပြည်နယ်၏မြို့တော် ဘားအံမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ Green City၊ Clean City ဖြစ်စေရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်များ စနစ်တကျစွန့်ပစ်တတ်စေရေး အသိပညာပေးလှုပ်ရှားမှုအနေဖြင့် ဘားအံမြို့ခံလူငယ်များနှင့် ဖွဲ့စည်းထားသော Clean Hpa–an စေတနာ့ဝန်ထမ်းလူငယ်များသည် ဩဂုတ် ၇ ရက်နံနက်ပိုင်းက ဘားအံမြို့ အမှတ်(၅)ရပ်ကွက် ရွှေဖားစည်အိမ်ရာပတ်ဝန်းကျင်တွင် လူထုလှုပ်ရှားမှုအသွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

စေတနာ့ဝန်ထမ်းလူငယ်များသည် ဘားအံမြို့နှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ချုံ၊ နွယ်၊ ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများကို သန့်ရှင်းရေးလုပ်ငန်းသုံးယာဉ်၊ ယန္တရားများ အသုံးပြု၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြရာ ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးစောခေါင်ပန်ထော့နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးက တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ဇီးကုန်းမြို့နယ်၌ တန်ဖိုးသင့်အာဟာရပြည့် နေ့လယ်စာချက်ပြုတ်ပြိုင်ပွဲ ကျင်းပ

ဇီးကုန်း ဩဂုတ် ၇

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ၅ နှစ်အောက် ကလေးငယ်များအတွက် တန်ဖိုးသင့်အာဟာရပြည့် နေ့လယ်စာချက်ပြုတ်ပြိုင်ပွဲကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက စံပြမူလတန်းကြိုကျောင်း၌ ကျင်းပသည်။

ဇီးကုန်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဦးဆောင်ပြီး အာဟာရအုပ်စုငါးခုအကြောင်း အသိပညာပေးဟောပြောကာ အာဟာရအုပ်စုငါးခုပါဝင်သော တန်ဖိုးသင့်အာဟာရပြည့် အစားအစာချက်ပြုတ်ပြိုင်ပွဲကျင်းပရာ ကျောင်းသားမိဘအုပ်စုလေးခု ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြတ်ကေခိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူးအဆင့်(၁) ဦးသိန်းလှိုင်၊ လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဇော်ထက်တို့က ဆုများချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**○ ထိုင်းဘုရင့်ဖလားမှ**

အမျိုးသားလေးယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် မြန်မာအသင်းက ဂျပန်အသင်းကို ၂-၁ ပွဲဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် အရေးနိမ့်သော်လည်း ပွဲငယ်နှစ်ပွဲ ဆက်တိုက်ပြန်လည်အနိုင်ရရှိကာ ဗိုလ်လုပွဲ တက်ရောက်နိုင်ခြင်းဖြစ်သလို တတိယပွဲငယ်တွင် အမှတ်ပြတ်ပြီးမှ နောက်မှလိုက်ကစားကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် ၁၃-၁၅ မှတ်ဖြင့် အရေးနိမ့်ပြီး ဒုတိယပွဲငယ်တွင် ၁၅-၁၁ မှတ်၊ တတိယပွဲငယ်တွင် ၁၇-၁၅ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဗိုလ်လုပွဲတွင် နာမည်ကြီး အိမ်ရှင်ထိုင်းအသင်းနှင့် တွေ့ဆုံခဲ့ပြီး ၂-၁ ပွဲဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာပိုက်ကျော်ခြင်းအသင်းသည် နာမည်ကြီး အိမ်ရှင်ထိုင်းနှင့် တွေ့ဆုံသော်လည်း အကောင်းဆုံးယှဉ်ပြိုင်ပြီး ရွှေတံဆိပ်ဆုထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် ၁၅-၁၀ မှတ်ဖြင့် အနိုင်ရရှိပြီး ဒုတိယပွဲငယ်တွင် ၉-၁၅ မှတ်ဖြင့် အရေးနိမ့်ခဲ့သည်။ အဆုံးအဖြတ်ပွဲဖြစ်သည့် တတိယပွဲငယ်တွင် မြန်မာအသင်း အမှားမခံဘဲ ၁၅-၁၀ မှတ်ဖြင့် အနိုင်ယူခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်တက်ရောက်နိုင်ခဲ့သည့် မြန်မာအသင်းသည် အိမ်ရှင်ထိုင်းအသင်းနှင့် တွေ့ဆုံခဲ့ပြီး ၂-၁ ပွဲဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် ၁၅-၁၂ မှတ်ဖြင့် အနိုင်ရသော်လည်း ဒုတိယပွဲငယ်တွင် ၉-၁၅ မှတ်ဖြင့် အရေးနိမ့်ခဲ့သည်။ ထို့ကြောင့် တတိယပွဲငယ်မှာ အဆုံးအဖြတ်ဖြစ်လာပြီး နှစ်သင်းစလုံး ကြိုးစားကစားရာ မြန်မာအသင်းက ၁၅-၁၀ မှတ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင် ဗီယက်နမ်အသင်းနှင့် တွေ့ဆုံခဲ့ပြီး နှစ်ပွဲပြတ်အရေးနိမ့်ခဲ့သဖြင့် ဒုတိယဖြင့် ကျေနပ်ခဲ့ရသည်။ မြန်မာအသင်းသည် ချန်ပီယံဖြစ်ရေး ကြိုးပမ်းခဲ့သော်လည်း ပထမပွဲငယ်တွင် ၇-၁၅ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၂-၁၅ မှတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာပိုက်ကျော်ခြင်းအသင်းသည် ဩဂုတ် ၇ ရက်ပွဲစဉ်များအပြီးတွင် ပြိုင်ပွဲအမျိုးအစား ငါးမျိုး ယှဉ်ပြိုင်ရာ လေးမျိုးတွင် ဆုတံဆိပ်ရရှိထားပြီး ရွှေတံဆိပ်တစ်ခု ငွေတံဆိပ်သုံးခုရရှိထားသည်။ မြန်မာပိုက်ကျော်ခြင်းအသင်းသည် သုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲ ထပ်မံယှဉ်ပြိုင်မည်ဖြစ်သည်။ **သတင်း - ရှိုင်းထက်ဇော်**

**ဓာတ်ပုံ - TSF**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## မြန်မာ့စီးပွားရေးဘဏ်
## ကြော်ငြာစာအမှတ် (၃/ ၂၀၂၆)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး/ငွေကိုင်(၄) (လစာနှုန်းကျပ် ၁၈၀၀၀၀ – ၂၀၀၀ – ၁၉၀၀၀၀) ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်။

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည် –
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
  (တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူများအား ဦးစားပေးခန့်ထားမည်)
- (ဂ) အိမ်ထောင်မရှိသူ အမျိုးသားများအား ဦးစားပေးရွေးချယ်မည်။
- (ဃ) နယ်စပ်ဒေသအပါအဝင် ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (င) ရွေးချယ်ခန့်ထားခြင်းခံရပါက စတင်တာဝန်ထမ်းဆောင်ရသည့်ဒေသတွင် အနည်းဆုံး (၂) နှစ် တာဝန်ထမ်းဆောင်ရမည်။
- (စ) ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၃၁)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
- (ဆ) ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ(၁၂)ရရှိပြီးသူများသည် သတ်မှတ်ချက်များနှင့် ကိုက်ညီပါက သတ်မှတ်အသက်ထက် (၃)နှစ်တိုးမြှင့်၍ လက်ခံပေးမည်ဖြစ်ပါသည်။

၃။ လျှောက်လွှာပုံစံများကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရုံးများ၊ ခရိုင်ဘဏ်ခွဲ၊ မြို့နယ်ဘဏ်ခွဲ၊ ဘဏ်ငွေတိုက်ခွဲများတွင် အခမဲ့ရယူနိုင်ပါသည်။

၄။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရပါမည် –
- (က) တက္ကသိုလ်ဝင်လက်မှတ်/ အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
  (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
- (ခ) ဘွဲ့ရရှိပါက ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
- (ဂ) တက္ကသိုလ်ဝင်တန်း/ အခြေခံပညာအထက်တန်းအောင်အမှတ်စာရင်း
- (ဃ) ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၅) ပုံ
- (င) (၁) လအတွင်းရယူထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း
- (စ) သက်ဆိုင်ရာ ရဲစခန်းမှ (၁)လအတွင်းရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
- (ဆ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
- (ဇ) အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
- (ဈ) ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးခြင်းမရှိကြောင်း ကိုယ်တိုင်ဝန်ခံချက်

၅။ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ အငယ်တန်းစာရေးနှင့် ငွေကိုင် (၄) ရာထူးနေရာများအား အောက်ဖော်ပြပါ အရေအတွက်အတိုင်း ရွေးချယ်ခန့်အပ်သွားမည်ဖြစ်ပါသည် –

| စဉ် | နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ် | ခန့်ထားမည့်ဦးရေ အငယ်တန်းစာရေး/ ငွေကိုင် (၄) |
|---|---|---|
| ၁ | နေပြည်တော် | (၁၈) ဦး |
| ၂ | ကချင်ပြည်နယ် | (၇) ဦး |
| ၃ | ကယားပြည်နယ် | (၇) ဦး |
| ၄ | ကရင်ပြည်နယ် | (၁၀) ဦး |
| ၅ | ချင်းပြည်နယ် | (၆) ဦး |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | (၁၉) ဦး |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | (၇) ဦး |
| ၈ | ပဲခူးတိုင်းဒေသကြီး | (၁၆) ဦး |
| ၉ | မကွေးတိုင်းဒေသကြီး | (၁၈) ဦး |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | (၁၇) ဦး |
| ၁၁ | မွန်ပြည်နယ် | (၇) ဦး |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | (၃၃) ဦး |
| ၁၃ | ရှမ်းပြည်နယ် | (၂၁) ဦး |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | (၁၄) ဦး |
| စုစုပေါင်း | | (၂၀၀) ဦး |

၆။ လျှောက်ထားသူများသည် လျှောက်လွှာတွင် မိမိဖြေဆိုလိုသည့် စာစစ်ဌာနအား ထင်ရှားစွာဖော်ပြပြီး မိမိလျှောက်လွှာရယူခဲ့သည့် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ (၉ – ၉ – ၂၀၂၆) ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

၇။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ကင်းရှင်းကြောင်း သက်ဆိုင်ရာဌာန၏ ထောက်ခံချက်နှင့်အတူ လျှောက်လွှာပုံစံ(၁)စုံအား သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ခွင့်ပြုချက်ဖြင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသို့ ပေးပို့လျှောက်ထားရန်ဖြစ်ပါသည်။

၈။ မြန်မာ့စီးပွားရေးဘဏ်၊ ဌာနတွင်းဝန်ထမ်းဖြစ်ပါက လျှောက်လွှာအား သက်ဆိုင်ရာ ဌာနခွဲ/ တိုင်းဒေသကြီး/ ပြည်နယ်ရုံး၏ ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ကင်းရှင်းကြောင်း ထောက်ခံချက်ဖြင့် (၉–၉–၂၀၂၆)ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

၉။ လျှောက်ထားသူများကို (၂၆–၉–၂၀၂၆)ရက်နေ့နှင့် (၂၇–၉–၂၀၂၆)ရက်နေ့များ၌ သက်ဆိုင်ရာစာစစ်ဌာနများတွင် အောက်ပါအတိုင်း အရည်အချင်းစစ်ခြင်းပြုလုပ်မည်ဖြစ်ပြီး ရွေးချယ်ခန့်ထားသည့်အမည်စာရင်းကို သက်ဆိုင်ရာစာစစ်ဌာနတွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်–

| စဉ် | အကြောင်းအရာ | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | အင်္ဂလိပ်စာ (ရေးဖြေ) | ၂၆ – ၉ – ၂၀၂၆ | နံနက် (၉:၃၀) နာရီ မှ (၁၀:၃၀) နာရီထိ |
| (ခ) | ကွန်ပျူတာကျွမ်းကျင်မှု (လက်တွေ့) | ၂၆ – ၉ – ၂၀၂၆ | မွန်းလွဲ (၁) နာရီ မှ (၂) နာရီထိ |
| (ဂ) | အထွေထွေဗဟုသုတ (လူတွေ့) | ၂၇ – ၉ – ၂၀၂၆ | နံနက် (၉) နာရီ |

၁၀။ ဖြေဆိုခွင့်ကတ်ပြားများကို ၂၅–၉–၂၀၂၆ ရက်နေ့တွင် မိမိဖြေဆိုမည့်စာစစ်ဌာနများ၌ ထုတ်ပေးမည်ဖြစ်ပြီး ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်အတူ ရုံးချိန်အတွင်း ထုတ်ယူရန်ဖြစ်ပါသည်။

၁၁။ အသေးစိတ်အချက်အလက်များကို စုံစမ်းလိုပါက နေပြည်တော်ဘဏ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရုံးများ၊ ခရိုင်ဘဏ်ခွဲ၊ မြို့နယ်ဘဏ်ခွဲ၊ ဘဏ်ငွေတိုက်ခွဲများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၁/၂)၊ မြေကွက်အမှတ်(၁၂၃+၁၂၄)အား ဦးအေးသိန်း(ခ)အင်ချောင်ကျောင်း [၁၂/ပဘတ(နိုင်)၀၂၀၀၇၅] အမည်ဖြင့် မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထား(မူရင်း)များ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## ပြင်ဆင်ဖတ်ရှုပါရန်

(၆–၈–၂၀၂၆)ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၂)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ဖြိုးနန္ဒာဦး၏ အများသိစေရန်ကြော်ငြာတွင် ဦးပိုင်အမှတ် (၁၂၁/၄) အစား (၁၂၁/၁)နှင့် ဦးရှုရစ် [၁၂/ကခက(နိုင်)၁၃၆၆၂၀] ဟု ပြင်ဆင်ဖတ်ရှုပါရန် ကြော်ငြာအပ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇)၊ (ဃ/၁၃) ရပ်ကွက်၊ ကလေးဝလမ်းသွယ်လမ်း၊ မြေကွက်အမှတ် (၉၁၉) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးလှကြည်အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၄၀ x ၆၀) ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦနှင့်တကွ ရေမီးစုံအပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နီနီမြင့် [၁၂/လမန (နိုင်) ၀၀၀၀၆၈] မှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်မိုးနိုင် [၁၁/သတန(နိုင်)၀၆၁၈၉၃]မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးအောင်မိုးနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဖြူဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၂၅၀)**

**ဒေါ်ယမင်းဖြူဖြူသိန်း [LL.B (Q)]**
**အထက်တန်းရှေ့နေ (စဉ်–၅၇၀၅၃)**

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၇၇၂၉၁၇၇၅၊ ၀၉–၄၅၂၄၁၆၃၀၉**

## မိခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က(၄) သထုံကျောင်းမှ ၂၀၂၆–၂၀၂၇ ပညာသင်နှစ်တွင် Grade–12 တန်းခွဲ(B) မှ မချောစု ၏ မိခင် အမည်မှန်မှာ မိသန်းငွေ [၁၀/ သထန (နိုင်) ၁၅၂၁၈၇] ဖြစ်ပါကြောင်း။

**မိသန်းငွေ**
**[၁၀/သထန(နိုင်)၁၅၂၁၈၇]**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ် (၈၉၈)၊ ဦးပိုင်အမှတ် (၆၉)၊ ၃၁x၃၂ကြား၊ ၆၃x၆၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နော်ဂျေးနီ၏ (SPရရှိသူ ဒေါ်စန္ဒာအောင်) ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ် (၄၄၄/၂၀၂၆) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဇီမဆာ [၁၃/မဆတ(နိုင်)၀၇၁၇၁၃]က အမှုတွဲအမှတ် (၁၆၀၅/၂၀၂၆–၂၀၂၇)ဖြင့်အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ–၃၇) ဦးပိုင်အမှတ် (၅၁)၊ ၄၁x၄၂ကြား၊ ၅၃x၅၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသိန်းငွေ(ခ)အိုက်လျှံ [၁၃/လရန(နိုင်)၁၃၀၈၆၀]က အမှုတွဲအမှတ် (၁၅၈၈/၂၀၂၆–၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ–၃၇)၊ ဦးပိုင်အမှတ် (၅၀)၊ ၄၁x၄၂ ကြား၊ ၅၃x၅၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသိန်းငွေ(ခ)အိုက်လျှံ [၁၃/လရန(နိုင်)၁၃၀၈၆၀]က အမှုတွဲအမှတ် (၁၅၈၇/၂၀၂၆–၂၀၂၇) ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## မြန်မာ့စီးပွားရေးဘဏ်
## ကြော်ငြာစာအမှတ် (၂/၂၀၂၆)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ ရုံးချုပ်ဌာနခွဲများ၊ တိုင်းဒေသကြီး/ ပြည်နယ်ရုံးများနှင့် ဘဏ်ခွဲများတွင် လစ်လပ်လျက်ရှိသည့် (လစာနှုန်းကျပ် ၂၁၆၀၀၀ – ၂၀၀၀ – ၂၂၆၀၀၀) ရရှိသော အောက်ဖော်ပြပါ ဒုတိယကြီးကြပ်ရေးမှူးရာထူး (၁၀၀) နေရာအတွက် လျှောက်လွှာခေါ်ယူခြင်း ဖြစ်ပါသည် –

| ပညာအရည်အချင်း | အရေအတွက် |
|---|---|
| တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ | ၁၀၀ ဦး |

(စီးပွားရေးပညာဘွဲ့၊ နိုင်ငံခြားဘာသာတက္ကသိုလ်မှပေးအပ်သောဘွဲ့၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာ တက္ကသိုလ်မှပေးအပ်သောဘွဲ့၊ ဥပဒေဘွဲ့၊ ကွန်ပျူတာဘွဲ့၊ အင်ဂျင်နီယာဘွဲ့၊ ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) ရရှိသူများအား ဦးစားပေးခန့်ထားမည်)

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည် –
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၃၀) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
- (ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (ဃ) ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။
- (င) အိမ်ထောင်မရှိသူ အမျိုးသားများအား ဦးစားပေးရွေးချယ်မည်။
- (စ) နယ်စပ်ဒေသအပါအဝင် ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဆ) ရွေးချယ်ခန့်ထားခြင်းခံရပါက စတင်တာဝန်ထမ်းဆောင်ရသည့်ဒေသတွင် အနည်းဆုံး (၂) နှစ် တာဝန်ထမ်းဆောင်ရမည်။
- (ဇ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal) ပြစ်ဒဏ်ချမှတ်ခံထားရသူများ လျှောက်ထားခွင့်မရှိပါ။
- (ဈ) ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ (၁၂) ရရှိပြီးသူများသည် သတ်မှတ်ချက်များနှင့် ကိုက်ညီပါက သတ်မှတ်အသက်ထက် (၃) နှစ်တိုးမြှင့်၍ လက်ခံပေးမည်ဖြစ်ပါသည်။

၃။ လျှောက်လွှာတွင်ပါရှိရမည့် အချက်များကို ပြည့်စုံစွာရေးသွင်းရမည်ဖြစ်ပြီး၊ လျှောက်လွှာပုံစံများကို မြန်မာ့စီးပွားရေးဘဏ်၏ Website ဖြစ်သည့် www.meb.gov.mm တွင် Download ရယူနိုင်ပါသည်။ (လျှောက်လွှာရောင်းချခြင်း၊ ထုတ်ပေးခြင်းပြုမည်မဟုတ်ပါ)

၄။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရပါမည် –
- (က) တက္ကသိုလ်ဝင်လက်မှတ်/အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
  (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
- (ခ) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
- (ဂ) တက္ကသိုလ်ဝင်တန်း/အခြေခံပညာအထက်တန်းအောင်အမှတ်စာရင်း
- (ဃ) ကွန်ပျူတာကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်မိတ္တူ
- (င) (၁)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၅)ပုံ
- (စ) (၁) လအတွင်းရယူထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း
- (ဆ) သက်ဆိုင်ရာ ရဲစခန်းမှ (၁) လအတွင်းရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
- (ဇ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ (၁) လအတွင်း ဆေးစစ်ထောက်ခံချက်မူရင်း
- (ဈ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
- (ည) အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
- (ဋ) ဝန်ထမ်းအဖြစ်လုပ်ကိုင်ခဲ့ဖူးခြင်းမရှိကြောင်း ကိုယ်တိုင်ဝန်ခံချက်

၅။ လျှောက်ထားသူများသည် လျှောက်လွှာကို မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) မင့်စ်လမ်း၊ ဘဏ်များဇုန်၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အမြန်ချောပို့စနစ်ဖြင့်ဖြစ်စေ (၉ – ၉ – ၂၀၂၆) ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ကင်းရှင်းကြောင်း သက်ဆိုင်ရာဌာန၏ ထောက်ခံချက်နှင့်အတူ လျှောက်လွှာပုံစံ (၁) စုံအား သက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသို့ ပေးပို့လျှောက်ထားရန်ဖြစ်ပါသည်။

၇။ မြန်မာ့စီးပွားရေးဘဏ်၊ ဌာနတွင်းဝန်ထမ်းဖြစ်ပါက လျှောက်လွှာအား သက်ဆိုင်ရာ ဌာနခွဲ/ တိုင်းဒေသကြီး/ ပြည်နယ်ရုံး၏ ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ကင်းရှင်းကြောင်း ထောက်ခံချက်ဖြင့် (၉ – ၉ – ၂၀၂၆) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

၈။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသောလျှောက်လွှာများ၊ သတ်မှတ်စည်းကမ်းချက်နှင့် မကိုက်ညီသည့်လျှောက်လွှာများနှင့် ပြည့်စုံမှုမရှိသော လျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။

၉။ လျှောက်ထားသူများကို ရေးဖြေစစ်ဆေးခြင်းအား မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များ စစ်ဆေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲကျင်းပမည့် နေ့ရက်နှင့်နေရာကို မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများတွင်လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်၏ Website ဖြစ်သည့် www.meb.gov.mm တို့တွင်လည်းကောင်း ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။

၁၀။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်းများ ဆောင်ရွက်မည်ဖြစ်သည်။

၁၁။ အသေးစိတ်အချက်အလက်များကို စုံစမ်းလိုပါက မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) စီမံခန့်ခွဲရေးဌာနခွဲ၊ တယ်လီဖုန်းအမှတ်–၀၆၇ – ၃၄၂၁၅၃၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၆)ရပ်ကွက်၊ သစ်ခွလမ်း၊ မြေကွက်အမှတ် (၅၇၇)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ) အကျယ်ရှိ မြေကွက်သည် ဦးညိုမောင် အမည်ပေါက်ဖြင့် မှတ်သားတည်ရှိသော ပါမစ် မူရင်းမြေကွက်ဖြစ်ပြီး အမည်ပေါက်မှစတင်ကာ အရောင်းအဝယ် အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူခဲ့သော တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝင်းဝင်းအေး[၁၂/သကတ(နိုင်)၂၂၁၉၅] မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သော်တာမျိုး [၁၂/သဃက(နိုင်)၁၅၇၄၈၃] က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သော်တာမျိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဝေထွန်း(LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၃၅၈၉၄)**
**တိုက်အမှတ်(၉)၊ ပထမထပ်၊ ဝါဝါဝင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ။ ၀၉–၄၂၁၀၉၁၅၈၈၊ ၀၉–၇၅၉၆၉၇၅၉၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၃)ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အကွက်အမှတ် ( ၂၅) ၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ် (၂၅/က)၊ မြေကွက်အမှတ်(၀/၂၂) ဟုခေါ်တွင်သော တောင်ဘက်ခြမ်း ၊ ဧရိယာ( ၀.၀၂၇ )ဧကရှိ ဒေါ်ကေခိုင်ဟိန်းအမည်ပေါက် ဌာနေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ရေမီးပါဝင်သည့် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုလာသူ ဒေါ်စောမင်းဝေ [၁၂ /တမန(နိုင်)၁၀၈၅၃၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်စန္ဒာမြင့် [၁၂/ရကန(နိုင်)၀၀၃၅၄၃] မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါအိမ်ခြံမြေ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြေညာပါပြီး (၁၄)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအိမ်ခြံမြေအရောင်းအဝယ်အား တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**

**ဦးကျော်ဇေယျ(LL.B)**
**(စဉ်–၁၃၁၈၁/၁၇ )**

**ဒေါ်နော်ဆည်းဇာ ( LL.B)**
**( စဉ်– ၁၂၆၃၇/၁၇)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (3/23 )၊ ကျိုက်ခေါက်ဘုရားလမ်းမကြီး (ရုံးတော်ရပ်)၊ ပဲခူးစုရပ်ကွက်၊ ကျားဘုရားရှေ့၊ သန်လျင်မြို့။**
**ph.09–43188988, 09–422281118**

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## ကုန်သွယ်ရေးဦးစီးဌာန
## ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)
## အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်း
## (စနေ၊ တနင်္ဂနွေ) (အမှတ်စဉ်-၁၄)
## သင်တန်းသားခေါ်ယူခြင်း

| | | |
|---|---|---|
| (က) | သင်တန်းကာလ | - ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ပထမပတ်မှ (၄) လကြာ သင်တန်း |
| (ခ) | သင်ကြားမည့်နေ့ရက်များ | - ရက်သတ္တပတ်တွင် (၂) ရက် (စနေ၊ တနင်္ဂနွေ) |
| (ဂ) | သင်တန်းအချိန် | - နံနက် ၉:၀၀ နာရီမှ ၁၂:၀၀ နာရီထိ |
| (ဃ) | သင်တန်းသားဦးရေ | - (၇၀) ဦး မှ (၉၀) ဦးထိ |
| (င) | သင်တန်းတည်နေရာ | - အမှတ် (၂၂၈/၂၄၀)၊ စတုတ္ထထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| (စ) | သင်တန်းဝင်ခွင့် လျှောက်လွှာနှင့်အတူပါရှိရမည့်စာရွက်စာတမ်းများ | - တစ်လက်မပတ်လည်ဓာတ်ပုံ (၃) ပုံ၊ ဘွဲ့(သို့မဟုတ်)တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။ |
| (ဆ) | ဆက်သွယ်ရန်ဖုန်းနံပါတ် | - ၀၁၈-၂၅၀၈၇၁၊ ၀၉-၂၅၄၀၇၅၈၄၈၊ ၀၉-၂၅၀၀၈၈၄၃၆ |

[ကုန်သွယ်မှုသင်တန်းကျောင်း (စတုတ္ထထပ်) တွင် လူကိုယ်တိုင်လာရောက် စာရင်းပေးသွင်းနိုင်ပါသည်]

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ရန်ကင်း(၅)လမ်း၊ ကွင်းအမှတ် (၉၈၈-က^၂)၊ ကွင်းအမည် (သာယာကုန်းကွင်း)၊ ဦးပိုင်အမှတ်(၈၇)အတွင်းမှ မြေကွက်အလျား (၂၇')x အနံ(၆၀') အကျယ်ရှိ မြေနှင့်မြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်(၁)လုံး အပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသူဖြစ်သော ဦးအောင်စိုး (ဘ)ဦးသာရင် [၁၀/မလမ(နိုင်)၀၁၉၇၈၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်ရီရီမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မဥ္ဇူအေးသိန်း (LL.B)** — **ဒေါ်ဝင်းမာဦး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၂၂၅၇)** — **(အထက်တန်းရှေ့နေ)(စဉ်-၅၇၀၂၁)**
**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့နယ်။**
**၀၉-၅၀၄၁၄၈၃၊ ၀၉-၄၃၀၂၃၃၂၁**

## ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့၊ အမှတ်(၅)ရပ်ကွက်၊ ခမိတ်(၄)လမ်း၊ အမှတ်မရှိဟုခေါ်တွင်သော အလျား ၃၅ ပေ x အနံ ၉၀ပေ အကျယ်အဝန်းရှိ မြေကွက်အား ဒေါ်ခင်မျိုးမျိုးထွန်း (ဘ) ဦးမျိုးဝင်း နိုင်ငံသားစိစစ်ရေးအမှတ် [၇/ပခန(နိုင်)၄၆၀၁၆၉] ကိုင်ဆောင်သူက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အရောင်းအဝယ် အရပ်ကတိဆက်စပ်စာချုပ်ဖြင့် မိမိတစ်ဦးတည်းသာလျှင် အရှုပ်အရှင်းမရှိ အမှန်တကယ်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဦးမင်းလှမောင် (ဘ) ဦးညိုမင်း နိုင်ငံသားစိစစ်ရေးအမှတ် [၁၂/ရကန(နိုင်)၀၄၃၉၃၆] ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယမင်းမောင် (LL.B) (အထက်တန်းရှေ့နေ) (စဉ်-၅၁၂၇၆)**
**တိုက် ၁၀/၁၂၊ အခန်း (၁၀၄-I) ပထမထပ်၊ ၃၅ လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၇၇၃၆၅၃၀၃၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ (ဏ/၁၄)ရပ်ကွက်၊ မိုးကုတ်(၄)လမ်း၊ မြေကွက်အမှတ်(၇၀၄/ခ) ဦးသန်းမောင် အမည်ဖြင့် မှတ်သားတည်ရှိသော မြေအကျယ်အဝန်း ဧရိယာ(၂၀ x ၆၀) ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် နေအိမ်အပါအဝင် အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဘိုညွှန့်[၁၁/ကတန(နိုင်)၀၈၇၇၉၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးလှထွန်း[၉/ကပတ(နိုင်)၀၀၅၇၂၃]က အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်း (မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန်းနိုင်စိုး LL.B, DIR တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၈၃၅)**
**အမှတ်(၁၀၄)၊ (A-2)၊ အသောကလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၀၀၅၂၄၀၈၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၁၄)၊ ဦးကျော်ဒွန်းဇံလမ်း၊ ကရင်အမျိုးသားရပ်ကွက်၊ (မြေညီခန်း)၊ အကျယ်အဝန်း(630) တိုက်ခန်းအား အဆက်အစပ်စာချုပ်ဖြင့်( ၆-၈-၂၀၂၆)ရက်တွင် ရောင်းချသူ ဦးထင်ကျော်[၁၂/လသယ(နိုင်)၀၀၂၇၉၈]ထံမှ ကျွန်တော် ဦးကိုကို[၁၀/မလမ(နိုင်)၁၂၅၂၀၁]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသပေးချေ ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကိုကို**
**[၁၀/မလမ(နိုင်)၁၂၅၂၀၁]**
**ဖုန်း-၀၉-၄၅၀၀၃၉၅၆၂**

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ သတိပေးတားမြစ်ချက်

၁။ ၁၉၈၆ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး လက်အောက်တွင် စီးပွားရေးအလို့ငှာ လုပ်ငန်းများထူထောင် လုပ်ဆောင်ခဲ့ကြသော ဗီဒီယိုလုပ်ငန်းရှင်များသည် တိုင်းနှင့်ပြည်နယ်၊ မြို့နယ်အသီးသီးတွင် ဗီဒီယိုအခြေခံအဖွဲ့များက မြေနှင့် အဆောက်အဦများ၊ ဗီဒီယိုအလုပ်ခန်းများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ခွင့်ပြုချက်ဖြင့် အများပိုင်ငွေကိုသုံးစွဲ၍ ဝယ်ယူထူထောင်ခဲ့ကြသည်။

၂။ ယခုအခါ ဗီဒီယိုလုပ်ငန်းအများစုသည် ရပ်ဆိုင်းသွားကြပြီဖြစ်ပါသည်။ ထိုသို့ ရပ်ဆိုင်းခြင်းကိုအကြောင်းပြု၍ အချို့သော ဗီဒီယိုစီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး လက်အောက်ရှိ တိုင်းနှင့်ပြည်နယ်၊ မြို့နယ်၊ ဗီဒီယိုအခြေခံအဖွဲ့ပိုင် မြေနှင့်အဆောက်အဦများ၊ အခန်းများကို ၎င်းတို့ကိုယ်ကျိုးအတွက်အလို့ငှာ ရောင်းဝယ်မှုများ ပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရပါသဖြင့် ၎င်းမြေ၊ အဆောက်အဦ၊ အခန်းများသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရုပ်ရှင်လောကသားအများပိုင်မြေ၊ အဆောက်အဦ၊ အခန်းများဖြစ်ကြောင်း သိရှိနိုင်ကြရန်နှင့် မိမိတို့သဘောဆန္ဒအလျောက် ရောင်းဝယ်ခြင်းပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်-၄၅၊ ဦးပိုင်အမှတ်- ၄၂၊ ၁၉ လမ်း၊ ၆၀ လမ်းနှင့် မြို့ပတ်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူဒေါ်ခင်ပြုံးရွှေထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၃၀၈/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးသန့်ဇော်လင်း [၉/မခန(နိုင်)၁၄၄၅၄၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်-၄၅၊ ဦးပိုင်အမှတ်-၄၅+၄၆+၄၇-က၊ ၁၉ လမ်း၊ ၆၀ လမ်းနှင့် မြို့ပတ်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ပြုံးရွှေထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၃၀၉/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးသန့်ဇော်လင်း [၉/မခန(နိုင်)၁၄၄၅၄၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၀)၊ မြေကွက်အမှတ် (၁၀၃)၊ ဘုရင့်နောင်လမ်း၊ အကျယ်အဝန်း (၄၆ ပေ x ၆၉ ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းစွာဖြင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော (၁) ဦးဇော်မြင့်ဦး [၁၂/ရကန(နိုင်)၀၆၉၇၈၆]၊ (၂) ဦးဇော်ထွန်း [၁၂/ရကန (နိုင်)၀၆၉၇၈၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးကျော်မြင့်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၄၁၁)**
**အမှတ် (၁၈)၊ ဥက္ကာ(၁)လမ်း၊ (ဂ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၀၄၂၂၉၆**

**ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၆) မိုးမခလမ်း၊ မြေကွက်အမှတ်(၄၅၆) ဟုခေါ်တွင်သော (၃၀×၆၀)ပေ အနက်မှ မြေကွက်ကိုလမ်းပေါ် မှ မျက်နှာမူပါက ဘယ်ဘက်/ခေါင်းရင်းခြမ်း၊မြေကွက်အမှတ်(၄၅၇)နှင့်ကပ်လျက်၊ (၂၀ × ၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကို အပိုင်ဝယ်ယူခြင်းအား**
**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

